# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၇၆)၊ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ၂-၆-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ပညာသင်ယူနိုင်ရေး ဆောင်ရွက်ရန်

- နိုင်ငံသားတိုင်းအား အရည်အသွေးရှိသော ပညာသင်ကြားပေးရန်
- ဘဝတစ်သက်တာလေ့လာသင်ယူမှု မြှင့်တင်ရန်

## နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေး

စာမျက်နှာ » ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံ တရားဝင်ခရီးစဉ်အတွင်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပူးတွဲကြေညာချက်

စာမျက်နှာ » ၅

ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၉)အဆန်/အမှတ်(၁၀)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထား စတင်ထပ်မံတိုးချဲ့ပြေးဆွဲ

စာမျက်နှာ » ၈

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ H.E. Smt. Droupadi Murmu နှင့် တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် ဇွန် ၁

အိန္ဒိယသမ္မတနိုင်ငံ၌ တရားဝင် ခရီးစဉ်ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu နှင့် ၎င်း၏ သမ္မတအိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

**တွေ့ဆုံဆွေးနွေး**

ဦးစွာ နိုင်ငံတော်သမ္မတအား အိန္ဒိယသမ္မတနိုင်ငံ သမ္မတက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့်အတူ အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ

စာမျက်နှာ ၃ သို့ ✪

## နေပြည်တော်ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

နေပြည်တော် ဇွန် ၁

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယနေ့တွင် စတင်ဖွင့်လှစ်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ အတန်းအလိုက်ရေးဆွဲထားသည့် အချိန်ဇယားများအတိုင်း ပြဋ္ဌာန်းဘာသာရပ်များကို သင်ကြားလျက်ရှိကြသည်။

စာမျက်နှာ ၇ သို့ ❖



## မြဝတီနယ်စပ်မှ ပို့ကုန်များ တင်ပို့လျက်ရှိ

နေပြည်တော် ဇွန် ၁

ယခုကာလတွင် မြဝတီနယ်စပ်မှ ထိုင်းနိုင်ငံသို့ ပို့ကုန်သွင်းကုန်လိုင်စင်များ ခွင့်ပြုထားရှိရာ ပို့ကုန်အနေဖြင့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ထောပတ်သီး၊ ကွမ်းသီး၊ နနွင်းတက်နှင့် ကြက်သွန်နီများ အများစုတင်ပို့လျက်ရှိကြောင်းနှင့် သွင်းကုန်အနေဖြင့် ထိုင်းဘတ်ငွေ သန်း ၆၂၀ တန်ဖိုးရှိ သွင်းကုန်လိုင်စင်များ ခွင့်ပြုထုတ်ပေးထားရှိပြီး ကုန်ပစ္စည်းအများစုမှာ စားသောက်ကုန်၊ လူသုံးကုန်နှင့် စက်မှုကုန်ကြမ်းများဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## အယ်လ်နီညို ဖြစ်စဉ်ကြောင့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အယ်လ်နီညို ဖြစ်ပေါ်နိုင်သောအခြေအနေများကိုတွေ့ရှိရသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သချာပုံစံပြမော်ဒယ်များ ခန့်မှန်းချက်အရ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနေပြီး ယခုနှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၃ သို့ ■

၂၀၂၆ ခုနှစ်၊ ဇွန် ၂ ရက်၊ အင်္ဂါနေ့။

မန္တလေး

# ကောင်းမြတ်သော၊ မင်္ဂလာရှိသော အမွေတို့ကို ဆက်လက်ထိန်းသိမ်းကြပါစို့

လူငယ်အချို့သည် စာပေ၊ ယဉ်ကျေးမှုတို့ကို အထိုက်အလျောက်သိကြသော်လည်း မိရိုးဖလာဗုဒ္ဓဘာသာနှင့် မင်္ဂလာတရားများအကြောင်းနှင့် ယင်းတို့ကို လိုက်နာကျင့်သုံးရခြင်းအကြောင်းကိုမသိကြသူများ များလာနေပေသည်။ ဘာသာတရားကို လိုက်နာကျင့်သုံးရကောင်းမှန်းမသိသောအခါ စာရိတ္တမဏ္ဍိုင်ယိမ်းယိုင်ပျက်ပြားလာပေသည်။ စာရိတ္တဟူသော ကိုယ်ကျင့်တရားသည် လူတစ်ဦးစီ၏ အသက်သွေးခဲဖြစ်သည်။ မင်္ဂလာတရားတော်ကို ငယ်စဉ်အခါကလေးဘဝမှာပင် သင်ကြားပေးခဲ့ခြင်းက အနာဂတ်ဘဝတစ်လျှောက်လုံးတွင် လူမှုဆက်ဆံရေး၊ ဘဝအောင်မြင်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့အတွက်ဖြစ်သည်။ အကျိုးရလဒ်အားဖြင့် ကြီးပွားချမ်းသာကြောင်းနှင့် မကောင်းမှုဟူသမျှတို့ကို ပယ်ဖျောက်နိုင်ကြောင်းဟူ၍ဖြစ်သည်။

မြန်မာတို့သည် ဗုဒ္ဓဘုရား၏ အဆုံးအမအောက်တွင် ဗုဒ္ဓဘာသာဝင်ကောင်းပီသစွာ ခေတ်အဆက်ဆက် နေထိုင်ကြသူများဖြစ်သည်။ ဟီရိဩတ္တပ္ပတရားကို လက်ကိုင်ထားကာ နူးညံ့သိမ်မွေ့စွာဖြင့် ပြောဆိုဆက်ဆံလေ့ရှိကြသည်။ ရှေးခေတ်မြန်မာ့ပညာရေးတွင် ဘုန်းတော်ကြီးကျောင်းများ၌သာ ပညာသင်ကြားခွင့် အခြေစိုက်သည်။ ကျေးရွာတိုင်းတွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိစမြဲဖြစ်ပြီး ထိုကျောင်းများတွင် ကျေးရွာမှ ကလေးငယ်များ မြန်မာစာအခြေခံသင်ပုန်းကြီးကို စတင်သင်ယူကြရသည်။ ပုဏ္ဏောဝါဒဆုံးမစာတွင် ဤသို့ ပထမ၊ နမောကကို၊ စ၍သင်ပြီး၊ သင်ပုန်းကြီးလုံး၊ သုံးဆယ့်သုံး၌၊ နှလုံးပိုက်၍၊ မြိုက်မြိုက်အားရ၊ တတ်ပြီးမှတည့်၊ မင်္ဂလသုတ်၊ ဆယ့်သုံးပုဒ်ကို၊ အားထုတ်လို့လ၊ မကြာရခင်၊ အဓိပ္ပာယ်၍၊ သိမြင်စိမ့်ကြောင်း… ဟူ၍ ထိုခေတ်ဘုန်းတော်ကြီးကျောင်းပညာရေး၏ သင်ရိုးညွှန်းတမ်းကို ပြဆိုထားရာ မြန်မာအက္ခရာဗျည်း ၃၃ လုံး သင်ပုန်းကြီးကုန်အောင် တတ်မြောက်ပြီးပါက မင်္ဂလသုတ်ကို အဓိပ္ပာယ်နှင့်တကွ နားလည်သိမြင်အောင် သင်ကြားရသည်ကို ဆုံးမစာ၌ တွေ့မြင်နိုင်ပါသည်။

ထို့ကြောင့်ပင် ရှေးခေတ်ပညာရေးစနစ်တွင် မင်္ဂလသုတ်ကို ကျောင်းသား၊ ကျောင်းသူများ ရိုသေလေးစားစွာ သင်ယူခဲ့ရခြင်းဖြစ်သည်။ စင်စစ်မင်္ဂလသုတ်သည် ရွတ်ဖတ်တတ်ရုံ၊ အဓိပ္ပာယ်သိရုံမျှမဟုတ်ဘဲ ကိုယ်တိုင်လိုက်နာကျင့်သုံးခြင်းဖြင့် ဘဝတစ်သက်တာ ကောင်းကျိုးချမ်းသာရရှိနိုင်သည့် တရားပင်ဖြစ်သည်။ မြန်မာတို့သည် ကောင်းမြတ်သော၊ မင်္ဂလာရှိသောအမွေကို ခေတ်အဆက်ဆက်ကပင် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည်။ ကမ္ဘာတည်သရွေ့ မြန်မာဟူသည် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်သည့် လူမျိုးဖြစ်ကြောင်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရန် အလွန်ပင်အရေးကြီးလှသည်။

မင်္ဂလာလမ်း လျှောက်လှမ်းသွားတဲ့ ပုဂ္ဂိုလ်ဟာ လမ်းဆုံးရောက်တာနဲ့ ဒီမှတ်တိုင်ရောက်ရှိမှာဖြစ်ပါတယ် ရောက်သွားလို့ရှိရင် သဗ္ဗတ္ထမပရာဇိတာ-ဘယ်တော့မှ ကိုယ်ကရှုံးတယ်ဆိုတာ မရှိဘူး။ သဗ္ဗတ္ထသောတ္ထိံဂစ္ဆန္တိ - အရာရာခပ်သိမ်း ပြီးပြည့်စုံအောင်နိုင်ခြင်းရရှိနိုင်တယ်လို့ မြတ်စွာဘုရားက မင်္ဂလသုတ်မှာ ဒီလိုဟောထားတာဖြစ်တယ်'ဟူ၍ မင်္ဂလသုတ်အနှစ်ချုပ်တရားတော်တွင် ပါမောက္ခချုပ်ဆရာတော်ကြီးက ဟောကြားထားသည်။

သို့ဖြစ်ရာ လူသားတိုင်း မှတ်ဖွယ်မှတ်ရာ အသိအလိမ္မာတို့ကို လက်ခံရယူ လိုက်နာကျင့်သုံးကြခြင်းဖြင့် ဘဝတစ်သက်တာအတွက် ကောင်းကျိုးချမ်းသာများဖြစ်ထွန်းရရှိခြင်းနှင့် မကောင်းမှုတို့ ပယ်ဖျောက်ပျောက်ကွယ်ခြင်းရလဒ်များ ခံစားကြရမည်ဖြစ်ရာ ကောင်းမြတ်သော၊ မင်္ဂလာရှိသောအမွေတို့ကို ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။




## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းအမှိုက်ကောက်ပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၁**

မိတ္ထီလာမြို့၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်သော ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းအမှိုက်ကောက်ပွဲကို ယနေ့နံနက် ၆ နာရီခွဲက မိတ္ထီလာမြောက်ကန် ဝန်ဇင်းကန်ပေါင်အနီးတွင် ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိတ္ထီလာမြောက်ကန်တောင်ဘက်ထိပ် ဇော်ဆေးရုံအနီးမှ ကန်မြောက်ဘက်ထိပ် အနီးအထိ ကန်အနီးနှင့် ကန်ပေါင်လမ်းတစ်လျှောက် အမှိုက်များစုပေါင်းကောက်ယူခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးယဉ်ဦးမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးထက်ဇော်နှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၅၃)

## မန္တလေးရတနာမောလ် နိုင်ငံတကာကျောက်မျက်ရတနာဈေး ပြန်လည်ဖွင့်လှစ်၊ အရောင်းအဝယ်များ ပြန်လည်စည်ကားလာ

**မန္တလေး ဇွန် ၁**

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအချို့ရှိခဲ့သည့် မန္တလေးမြို့ရှိ 'မန္တလေးရတနာမောလ်' နိုင်ငံတကာကျောက်မျက်ရတနာဈေးကြီးကို ပြုပြင်ထိန်းသိမ်းမှုများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးနောက် မေ ၂၆ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရတနာမောလ်သည် မန္တလေးမြို့၊ ၃၄ လမ်း၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြားတွင် တည်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်မှုများရှိခဲ့သဖြင့် အသေးစိတ် ပြန်လည်ပြင်ဆင်ခဲ့ရခြင်းဖြစ်သည်။

'ငလျင်ဒဏ်ကြောင့် ထိခိုက်မှုတွေရှိခဲ့တဲ့အတွက် ပြုပြင်မှုတွေကို တစ်နှစ်နဲ့ နှစ်လကြာ ပြင်ဆင်ပြီး အခုပြန်ဖွင့်လှစ်လိုက်တာဖြစ်ပါတယ်။ ဖွင့်လှစ်တဲ့နေ့ကစပြီး ဆိုင်ခန်းပိုင်ရှင်တွေကို လက်ရောက်အပ်နှံပေးနေပါပြီ။ အပ်နှံပြီးတဲ့ ဆိုင်ခန်းတွေလည်း ပြန်လည်ဖွင့်လှစ် ရောင်းချနေပြီဖြစ်တဲ့အတွက် ဈေးကပြန်လည်စည်ကားနေပါပြီ'ဟု မန္တလေးရတနာမောလ် ကျောက်မျက်ရတနာဈေး၏ Assistant General Manager(AGM) ဦးရန်နောင်စိုးက ပြောသည်။

မန္တလေးရတနာမောလ်တွင် ပတ္တမြား၊ နီလာ၊ စိန်၊ ရွှေနှင့် ရတနာမျိုးစုံ အရောင်းအဝယ်ပြုလုပ်သည့် ကျောက်မျက်နှင့် လက်ဝတ်ရတနာဆိုင်ခန်းပေါင်း ၃၀၀ ကျော်ရှိကြောင်း သိရသည်။ ၎င်းရတနာမောလ်၌ ဆိုင်ခန်းဖွင့်လှစ်ရန်အတွက် သက်ဆိုင်ရာ ကျောက်မျက်ရတနာလိုင်စင်ရှိရန် လိုအပ်ပြီး ပွဲစားလိုင်စင်၊ အရောင်းလိုင်စင်နှင့် ရုပ်တုရုပ်ထွင်းထုလုပ်ခြင်း လိုင်စင်များကို စနစ်တကျထားရှိရမည်ဖြစ်သည်။

'သီရိရွှေမင်း' ကျောက်မျက်ရတနာအရောင်းဆိုင်ပိုင်ရှင်ကလည်း 'ဆိုင်ကိုလာရောက်ဝယ်ယူတဲ့သူတွေနဲ့ တိုက်ရိုက်တွေ့ဆုံပြီး ရောင်းချနိုင်တဲ့အတွက် အရင်ကထက် မိတ်ဆွေတွေလည်း ပိုများလာသလို အရောင်းအဝယ်ပိုင်းမှာလည်း ပိုမိုကောင်းမွန်လာပါတယ်။ ဝယ်သူကို တိုက်ရိုက်ရောင်းချခွင့်ရတဲ့အတွက် များစွာအကျိုးဖြစ်ထွန်းပါတယ်'ဟု ၎င်း၏အမြင်ကို ပြောသည်။



အလားတူ 'ရွှေရည်နေဝင်း' မိုးကုတ်ကျောက်မျက်ရတနာအရောင်းဆိုင်ပိုင်ရှင် မရွှေရည်ဝင်းကလည်း 'အခုအချိန်မှာ အလုပ်အကိုင်တွေ ပြန်ဖြစ်ထွန်းနေပါပြီ။ ဒီကိုလာကြတဲ့ ကုန်သည်တွေ၊ ပန်းထိမ်ဆရာတွေ၊ ကျောက်အရောင်းအဝယ်လုပ်တဲ့သူတွေအတွက် တကယ်ကိုကောင်းမွန်တဲ့ နေရာတစ်ခုပါ။ ဝယ်သူနဲ့ရောင်းသူရဲ့ ဆုံချက်ဖြစ်တာမို့ အရောင်းအဝယ်လုပ်ရတာလည်း လွယ်ကူအဆင်ပြေပါတယ်'ဟု ဆိုသည်။

လက်ရှိ ဖွင့်လှစ်ထားသည့် မန္တလေးရတနာမောလ်သည် မန္တလေးမြို့တွင် အကြီးဆုံးသော ကျောက်မျက်ဈေးတစ်ခုဖြစ်ပြီး ကျောက်မျက်ရတနာမျိုးစုံကို တစ်နေရာတည်းတွင် စုစည်းရောင်းချပေးနေခြင်းကြောင့် ဝယ်ယူသူ၊ ရောင်းချသူများနှင့် လေ့လာလိုသူများအပြင် ကုန်သည်များအတွက်ပါ အဓိကအားထားရသည့် ဆုံချက်တစ်ခုဖြစ်လာခဲ့သည်။ **(အောက်ဝဲပုံ)**

မန္တလေးမြို့တွင် ကျောက်မျက်ရတနာ အရောင်းအဝယ်ကဏ္ဍအတွက် မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း (ကျောက်ဝိုင်း)နှင့် မန္တလေးရတနာမောလ် ကျောက်မျက်ရတနာဈေးတို့သည် အဓိကစီးပွားရေးဗဟိုချက်များအဖြစ် တည်ရှိနေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-စ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

◌ ရှေ့ဖုံးမှ

အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Shri Abhay Thakur နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် လက်ရှိ ရွေးကောက်ခံအစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပေါ် အိန္ဒိယနိုင်ငံအနေဖြင့် အပြည့်အဝ ထောက်ခံအားပေးလျက်ရှိမှု၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်များ အပြန်အလှန်ထိန်းသိမ်းရေး၊ ခရီးသွားကဏ္ဍမြှင့်တင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား မိတ်ဆွေရင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှုအခြေအနေများ၊ အမျိုးသမီးများ ကဏ္ဍမြှင့်တင်ရေးအတွက် အတွေ့အကြုံများ မျှဝေနိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu တို့ တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သမ္မတ အိမ်တော်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်မှတ်တမ်းတင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဇွန် ၁**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Mr. Ajit Doval သည် ယမန်နေ့ညနေပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ် အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် နိုင်ငံတော် သမ္မတနှင့်အတူ ခရီးစဉ် လိုက်ပါသွားသည့် ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Shri Abhay Thakur နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Mr. Ajit Doval တို့ တွေ့ဆုံဆွေးနွေးစဉ်။

**■ အယ်လ်နီညိုမှ**

အယ်လ်နီညို ဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ

**စာအုပ်စာပေ**
**လူ့မိတ်ဆွေ**

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကျောင်းဆင်းများအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း) တို့မှ ၂၀၂၆ ခုနှစ် မေလတွင် ကျောင်းဆင်းသည့် ကျောင်းသား ကျောင်းသူ ၆၁ ဦးနှင့်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီး ဦးသိုက်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ သက်ဆိုင်ရာဦးစီးဌာနများ၏ လုပ်ငန်းတာဝန်များကို သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းခွင်ဝင်သင်တန်းကို ဖွင့်လှစ်ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အလုပ်တာဝန်အပေါ် ဂုဏ်ယူစွာ တာဝန်ထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ကိုယ်ရောက်ရှိရာဒေသရှိကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု မြှင့်တင်ရေး လုပ်ငန်းများနှင့် MSME လုပ်ငန်းများကို စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး ကျောင်းဆင်း ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၁

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Shri Narendra Modi ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး (Hyderabad House)၌ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi တို့ တွေ့ဆုံဆွေးနွေးစဉ်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ရုံး (Hyderabad House) သို့ရောက်ရှိရာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်တို့သည် သီးခြားတွေ့ဆုံ ဆွေးနွေးသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ပြည်ပရေးရာဝန်ကြီး H.E. Dr. Subrahmanyam Jaishankar၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး Dr. P.K. Mishra၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Mr. Ajit Doval၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Shri Abhay Thakurနှင့် ဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi က ပြောကြားရာတွင် အဆွေတော်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ယခုကဲ့သို့လက်ခံတွေ့ဆုံရသည့်အတွက် များစွာဝမ်းမြောက်မိသည်ကို ဦးစွာ ပြောကြားလိုပါကြောင်း၊ မိမိနှင့်အဆွေတော် အနေဖြင့် ယခင်ကတည်းက မကြာခဏ တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ မကြာမီက မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ပြီး အဆွေတော်ကို သမ္မတအဖြစ် ရွေးချယ်တင်မြောက်ခံရပြီးနောက်ပိုင်း မိမိတို့နိုင်ငံသို့ ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် ရွေးချယ်ပေးခဲ့မှုအပေါ်တွင်လည်း မိမိတို့အနေဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်နှင့် ကိုယ်စားလှယ်အဖွဲ့ကို မိမိတို့အနေဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ ပြီးခဲ့တဲ့နှစ်က မြန်မာနိုင်ငံတွင် မန္တလေးမြေငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် အဆွေတော်တို့အနေဖြင့် ခက်ခဲသော အချိန်ကာလတစ်ခုကို ဖြတ်သန်းခဲ့ရသော်လည်း အဆွေတော်နှင့် မိမိတို့အကြား ကောင်းမွန်သော ထိတွေ့ဆက်ဆံမှုများနှင့် ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့အဆွေတော်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံရသည့်အတွက် မိမိအနေဖြင့် များစွာဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော်၏သမ္မတအဖြစ် ရွေးချယ်တင်မြောက်ခံရမှုအပေါ်တွင်လည်း မိမိအနေဖြင့် ဝမ်းမြောက် ဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း၊ အဆွေတော် ဆက်လက်တာဝန်ထမ်းဆောင်မည့် ကာလများတွင်လည်း အောင်မြင်မှုများကို ရရှိပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ အဆွေတော်နှင့် ကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယနိုင်ငံက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည်ကို ထပ်လောင်းပြောကြားလိုကြောင်း၊ ယနေ့တွင် အဆွေတော်အနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးမြို့တော် နယူးဒေလီသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ရောက်ရှိနေစဉ်ကာလအတွင်း အဆွေတော် အနေဖြင့် မိမိတို့အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ကောင်းကျိုးရလဒ်များ ရရှိအောင် ဆွေးနွေးနိုင်မည်ဖြစ်ပြီး ထူးခြားသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်းပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ယခုကဲ့သို့ အဆွေတော်နှင့် ၆ ကြိမ်မြောက် ထပ်မံတွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် အဆွေတော်၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ပထမဆုံး ပြည်ပချစ်ကြည်ရေး ခရီးစဉ်အဖြစ် လာရောက်ရသည့်အတွက် လွန်စွာ အလေးထားပါကြောင်းနှင့် မိမိဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးပျူငှာစွာ ကြိုဆိုသည့်အတွက်လည်း ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ အဆွေတော် အိန္ဒိယနိုင်ငံကို တာဝန်ယူသည့် ၂၀၁၄ ခုနှစ်မှစပြီး ၁၂ နှစ်တာ ဝန်ကြီးချုပ်သက်တမ်းကာလအတွင်း အိန္ဒိယနိုင်ငံ၏ ကဏ္ဍအသီးသီးတွင် အဆွေတော်၏ဦးဆောင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အင်အားကြီး နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည့် အဆွေတော်၏ စွမ်းဆောင်မှုအပေါ် ချီးကျူးဂုဏ်ပြုလိုပါကြောင်း၊ မိမိအနေဖြင့် အဆွေတော်နှင့်အတူ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ရှိရင်းစွဲကောင်းမွန်သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အဆွေတော်ကို ကျေးဇူးတင် အသိအမှတ်ပြုအပ်သည်ကိုပြောကြားလိုပါကြောင်း၊ မိမိ သမ္မတတာဝန် စတင်ထမ်းဆောင်မှု ကျမ်းသစ္စာကျိန်ဆိုပွဲကို အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့မှုနှင့် အခမ်းအနားတက်ရောက်ရန် ကိုယ်စားလှယ် စေလွှတ်ပေးခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊

စာမျက်နှာ ၅ သို့ ✣





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံရိုးရာတေးသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံ တရားဝင်ခရီးစဉ်အတွင်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပူးတွဲကြေညာချက်

( ၂၀၂၆ ခုနှစ်၊ မေလ ၃၀ ရက်- ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃ ရက်)

၁။ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ၂၀၂၆ ခုနှစ်၊ မေလ ၃၀ ရက်မှ ဇွန်လ ၃ ရက်အထိ အိန္ဒိယနိုင်ငံသို့ ပထမဆုံး တရားဝင်ခရီးစဉ် သွားရောက်ခဲ့သည်။

၂။ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့ လိုက်ပါခဲ့ကြသည်။ ထို့ပြင် စိုက်ပျိုးရေး၊ ဆေးဝါး၊ စွမ်းအင်၊ ဘဏ်လုပ်ငန်း၊ ဆောက်လုပ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာ၊ ဆက်သွယ်ရေး၊ ကုန်သွယ်ရေးနှင့် သယ်ယူထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းအပါအဝင် ကဏ္ဍစုံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းအဖွဲ့ဝင်များက မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါခဲ့ကြသည်။

၃။ နိုင်ငံတော်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် ၁-၆-၂၀၂၆ ရက်တွင် တွေ့ဆုံ၍ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များကို ပြန်လည်သုံးသပ်ခဲ့ကြပြီး နှစ်နိုင်ငံဆက်ဆံရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လမ်းစဉ်များကိုဆွေးနွေးခဲ့ကြသည်။ ထို့နောက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ယင်းနေ့တွင်ပင် နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံ သမ္မတ ရှရီမတီ ဒရောပါတီ မာမူနှင့် တွေ့ဆုံခဲ့သည်။ ယင်းမတိုင်မီ နိုင်ငံတော်သမ္မတအား အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အက်စ် ဂျိုင်ရှန်ကာနှင့် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ရှရီ အာဂျစ် ဒိုဗယ်တို့က သီးခြားစီ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ကြသည်။

၄။ နိုင်ငံတော်သမ္မတသည် ဗုဒ္ဓဂါယာရှိ မဟာဗောဓိစေတီတော်၊ မဟာဗောဓိဓမ္မရိပ်သာ မြန်မာဘုန်းတော်ကြီးကျောင်းနှင့် သုဓာတာကျောင်းတော်သို့ ခရီးစဉ်အစဖြစ်သည့် ၃၀-၅-၂၀၂၆ ရက်တွင် သွားရောက်၍ ဖူးမြော်ကြည်ညိုခဲ့သည်။ နှစ်နိုင်ငံအကြား ကာလရှည်ကြာ တည်ရှိလျက်ရှိသည့် ကိုးကွယ်ယုံကြည်မှုနှင့် ဗုဒ္ဓဘာသာဆိုင်ရာ ဆက်နွှယ်မှုများအပြင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကို ဘာသာရေးအရ အထွတ်အမြတ်ထားရာနေရာများသို့ သွားရောက်ခဲ့သည့် ခရီးစဉ်များက ပိုမိုပေါ်လွင်ထင်ရှားစေခဲ့ပါသည်။

၅။ နိုင်ငံတော်သမ္မတသည် ၃၁-၅-၂၀၂၆ ရက်တွင် နယူးဒေလီမြို့၌ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် အိန္ဒိယစက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (CII)တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ-အိန္ဒိယ စီးပွားရေးဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ယင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများကို ပိုမိုခိုင်မာစေရန်နှင့် တိုးချဲ့ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နိုင်ငံတော်သမ္မတသည် နျူကလီးယားဒေသရှိ စွမ်းအင်နည်းပညာ သုတေသနမဟာမိတ်အဖွဲ့ (NETRA) အဆောက်အအုံသို့ သွားရောက်၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော စွမ်းအင်တီထွင်ထုတ်လုပ်မှု၊ စွမ်းအင်လေလွင့်မှုမရှိစေဘဲ ထိရောက်စွာအသုံးချမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အား အချိုးကျပေါင်းစပ်အသုံးပြုမှုနှင့် လျှပ်စစ်ဓာတ်အားလိုင်းစနစ် ကြံ့ခိုင်မှုရှိစေရေးတို့အပါအဝင် အဆင့်မြင့်သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လေ့လာကြည့်ရှုခဲ့သည်။

၆။ ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတနှင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ "အိမ်နီးချင်းဦးစားပေးမူဝါဒ"၊ "အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ"နှင့် "ဒေသတွင်း ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အပြန်အလှန်အမြင်သဘောထားကိုက်ညီသော ဘက်စုံလွှမ်းခြုံသည့် မူဝါဒ"များ ဆုံစည်းရာနေရာတွင် တည်ရှိကြောင်း ပြောကြားခဲ့သည်။ နှစ်ဖက်ဆွေးနွေးရာတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးအရ ဆက်ဆံရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ နယ်စပ်ဒေသစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးရေးအကူအညီများနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်မှုများအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာအားကောင်းလာစေရန် အရေးကြီးကြောင်း အလေးအနက်ပြောကြားခဲ့ကြသည်။ နှစ်ဖက်လုံးက ဆွေးနွေးလျက်ရှိသည့် နားလည်မှုစာချွန်လွှာများ၏အခြေအနေကို မှတ်သားထားရှိကြောင်းနှင့် အဆိုပါနားလည်မှုစာချွန်လွှာများ အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

၇။ ဝန်ကြီးချုပ်က လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပါက ဒေသတွင်း၌ အပြန်အလှန်အကျိုးရှိစေမည့် စီးပွားရေးချိတ်ဆက်မှုများနှင့် နှစ်နိုင်ငံစည်ပင်ထွန်းကားလာစေမည်ဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။ ယင်းနှင့်စပ်လျဉ်း၍ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးတို့ကို အပြီးသတ်နိုင်ရေးအတွက် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးသည် အရေးကြီးကြောင်း နှစ်ဖက်လုံးက တူညီသောသဘောထားရှိကြသည်။

၈။ ၂၀၂၆ ခုနှစ်မှစတင်၍ မြန်မာကျောင်းသားများအတွက် မဲခေါင်-ဂင်္ဂါ ICCR ပညာသင်ဆုများကို လက်ရှိပေးအပ်လျက်ရှိသော ပညာသင်ဆု ၃၆ ခုမှ ပညာသင်ဆု ၁၀၀ အထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က အသိပေးပြောကြားခဲ့သည်။

၉။ ရူပီး-ကျပ် ငွေပေးချေမှုစနစ်အပါအဝင် နှစ်နိုင်ငံကုန်သွယ်မှုကို ပိုမိုလွယ်ကူချောမွေ့စေရန်နှင့် တိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြပြီး အဆိုပါစနစ်အား ၂၀၂၄ ခုနှစ် မေလတွင် စတင်အသုံးပြုချိန်မှစ၍ ငွေလွှဲပြောင်းမှုပမာဏ တစိုက်မတ်မတ် တိုးတက်လာခဲ့ခြင်းအပေါ် ကျေနပ်အားရကြောင်း ဖော်ပြခဲ့ကြသည်။ မိမိတို့နိုင်ငံ၏ သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုးရေးအခြေခံကုန်ထုတ်လုပ်မှု၊ ရေနံ၊ စွမ်းအင်၊ သတ္တုတွင်းကဏ္ဍများကဲ့သို့ အပြန်အလှန်အကျိုးဖြစ်ထွန်းသည့် နယ်ပယ်များတွင် ပိုမိုနီးကပ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိုထောက်ခံကြောင်း နှစ်ဖက်လုံးက ဖော်ပြခဲ့ကြသည်။

၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုအပေါ် အိန္ဒိယနိုင်ငံအနေဖြင့် ထောက်ခံကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားခဲ့သည်။ မိမိတို့၏ အချုပ်အခြာအာဏာပိုင်နယ်မြေကို တစ်ဖက်နိုင်ငံ၏ လုံခြုံရေးကို ထိခိုက်နစ်နာစေမည့် မလျော်ကန်သောဆောင်ရွက်မှုများကို တားဆီးကာကွယ်သွားရန် အရေးကြီးကြောင်း နှစ်ဖက်လုံးက အလေးထားပြောကြားခဲ့ကြသည်။ မြန်မာနိုင်ငံ၏နယ်မြေအား အိန္ဒိယနိုင်ငံ၏ လုံခြုံရေးကို ထိခိုက်စေရန် အသုံးပြုခွင့်ပြုမည်မဟုတ်ကြောင်း နိုင်ငံတော်သမ္မတက ထပ်လောင်းပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ခိုင်မာပြီး ယုံကြည်စိတ်ချရသော မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရန် ဆောင်ရွက်သွားရန် ကတိကဝတ်ဆက်လက်ထားရှိကြောင်း ဝန်ကြီးချုပ်က အတည်ပြုပြောကြားခဲ့သည်။

၁၁။ ဝန်ကြီးချုပ်က ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာဦးဆောင်သော ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ဝန်ကြီးချုပ်က နှစ်နိုင်ငံအကြား အပြန်အလှန်လေးစားမှုနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို အခြေခံ၍ ကူညီပံ့ပိုးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သည်။ အိန္ဒိယနိုင်ငံ၏ အပြုသဘောဆောင်သည့် ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် နိုင်ငံတော်သမ္မတက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

၁၂။ နိုင်ငံတော်သမ္မတက ၂-၆-၂၀၂၆ ရက်နှင့် ၃-၆-၂၀၂၆ ရက်တို့တွင် မဟာရက်ရှ်ထရာ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံမည်ဖြစ်သကဲ့သို့ မွမ်ဘိုင်းမြို့ခရီးစဉ်အတွင်း စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုဆောင်ရွက်မည့် အစီအစဉ်သည် ရှိရင်းစွဲ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများနှင့် စီးပွားရေးအရ ချိတ်ဆက်ဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေမည်ဟု ယုံကြည်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

၁၃။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ တရားဝင်ခရီးစဉ်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ရေရှည်တည်တံ့ခိုင်မြဲ၍ ချစ်ကြည်ရေးနှင့် နီးကပ်သောမိတ်ဖက်အဖြစ် ရပ်တည်မှုကိုလည်းကောင်း၊ နှစ်နိုင်ငံ အပြန်အလှန်အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေရန် ဘုံတူညီသော ကတိကဝတ်များထားရှိမှုကိုလည်းကောင်း ထပ်လောင်းအတည်ပြုခဲ့ခြင်းဖြစ်သည်။ အဆင့်တိုင်းတွင် နီးကပ်စွာ ဆက်လက်ထိတွေ့ဆောင်ရွက်သွားရန် နှစ်ဖက်လုံးက သဘောတူညီခဲ့ကြသည်။

၁၄။ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နွေးထွေးပျူငှာစွာ ဧည့်ဝတ်ကျေပွန်သည့်အပေါ် ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီအား အထူးပင် ကျေးဇူးတင်ရှိကြောင်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတက အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်အား နှစ်ဖက်အဆင်ပြေမည့်ကာလတွင် မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားခဲ့သည်။

နယူးဒေလီ
၂၀၂၆ ခုနှစ်၊ ဇွန်လ ၁ ရက်

✣ စာမျက်နှာ ၄ မှ

မိမိတို့နှစ်နိုင်ငံအကြား နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များစွာရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ချိန်တွင် အဆွေတော်တို့ နိုင်ငံမှ ကူညီမှုများဆောင်ရွက်ပေးခဲ့မှုအပေါ်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ "အိန္ဒိယနိုင်ငံသည် ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်လာမည်"ဟု အဆွေတော်ပြောကြားခဲ့သကဲ့သို့ မိမိတို့အနေဖြင့် တိုးတက်လာလျက်ရှိသည့် အိန္ဒိယနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ပြန်လည်ဆွေးနွေး ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသစွာဖြင့် အတူယှဉ်တွဲနေထိုင်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ယဉ်ကျေးမှုထိန်းသိမ်းရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့်ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာနှင့် ဆေးဝါးများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၊ ချည်မျှင်နှင့် အထည်အလိပ်များ တိုးမြှင့်တင်သွင်းနိုင်သည့် အခြေအနေများ၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ(AI) ကဏ္ဍနှင့် အာကာသနည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှုများ နှိမ်နင်းရေးတို့အတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် တရားမျှတပြီး သိက္ခာရှိသည့်ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကိုလက်တွေ့ကျကျ အကောင်အထည်ဖော်မည့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော်များနှင့် ဒီမိုကရေစီ နည်းလမ်းတကျ ရွေးကောက် တင်မြှောက်ထားသည့်အစိုးရဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှု အခြေအနေများ၊ အနာဂတ်ကာလများတွင် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် ဘုံအကျိုးဖြစ်ထွန်းစေမယ့် ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံရိုးရာ တေးသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေ တင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ရုံး (Hyderabad House) ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး (Hyderabad House) မှ ပြန်လည်ထွက်ခွာရာ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်က လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နှစ်နိုင်ငံ ချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့

သက်လွင်(PPIB)

(ယမန်နေ့မှအဆက်)

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်တွင်းကုန်ထုတ်လုပ်ငန်းတွေဟာ အရေးကြီးတဲ့ အခန်းကဏ္ဍကနေပါဝင်ပါတယ်။ ဒီလိုပြည်တွင်းကုန်ထုတ်လုပ်ငန်း ဆောင်ရွက်ရာမှာ ပြည်တွင်းကနေ ထွက်ရှိတဲ့ ကုန်ကြမ်းပစ္စည်းတွေကနေ ကုန်ချောအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းနဲ့ ပြည်ပကကုန်ကြမ်းတွေကို မှာယူတင်သွင်းပြီး ထုတ်ကုန်ထုတ်လုပ်ခြင်း ဆိုပြီးနှစ်မျိုးရှိပါတယ်။ မိမိတို့နိုင်ငံ နယ်နိမိတ်အတွင်းက ထွက်ရှိတဲ့ ကုန်ကြမ်းပစ္စည်းတွေကနေ ကုန်ချောထုတ်လုပ်နိုင်ခြင်းက အလုပ်အကိုင် အခွင့်အလမ်းနဲ့ နိုင်ငံအတွက် အကျိုးအမြတ်ပိုမိုဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ တိုးတက်စေဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ တိုးတက်လာအောင် စဉ်ဆက်မပြတ် အားပေးလျက်ရှိတာကို တွေ့ရှိရပါတယ်။ ဒီလိုအားပေးတဲ့အခါမှာလည်း မိမိတို့နိုင်ငံရဲ့ အဓိကစီးပွားရေးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးနဲ့မွေးမြူရေးကိုအခြေခံတဲ့ ကုန်ထုတ်လုပ်ငန်းဖြစ်စေဖို့ ပိုမိုအားပေးဆောင်ရွက်လျက်ရှိတာကိုတွေ့ရပါတယ်။

နိုင်ငံအတွင်းကထွက်ရှိတဲ့ ကုန်ကြမ်းတွေကို အခြေခံတဲ့ ထုတ်ကုန်ပစ္စည်းတွေ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပနိုင်ငံတွေကို တင်ပို့နိုင်ဖို့အတွက် ကုန်ထုတ်လုပ်မှု နည်းပညာတွေနဲ့ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ပြည်ပနိုင်ငံတွေက ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာဖို့ လိုအပ်ပါတယ်။ ဒီလိုဝင်ရောက်လာနိုင်ဖို့အတွက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီရဲ့ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ရောက်ရှိနေတဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဟာ မေလ ၃၁ ရက်နေ့မှာ Taj Mahal ဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားကို တက်ရောက်ပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွေတိုးတက်စေဖို့ အိန္ဒိယနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါတယ်။

မြန်မာ-အိန္ဒိယကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နာယကနဲ့ အဖွဲ့ဝင်များ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ ကုန်သည်များနှင့် စက်မှုအသင်းချုပ်(FICCI) အတွင်းရေးမှူးချုပ်၊ အိန္ဒိယစက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (CII)မှ Senior Advisor တို့ အပါအဝင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ စုံလင်စွာတက်ရောက်ခဲ့ပြီး နှစ်ဖက်အပြန်အလှန် ဆွေးနွေးမှုတွေကို လုပ်ဆောင်နိုင်ခဲ့ကြပါတယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မေ ၃၁ ရက်က ကျင်းပသည့် မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားတွင် ဆွေးနွေးပြောကြားစဉ်။

နှစ်နိုင်ငံဆွေးနွေးပွဲမှာ နိုင်ငံတော်သမ္မတကြီးအနေနဲ့ အဖွင့်အမှာစကားပြောကြားရာမှာ မြန်မာ-အိန္ဒိယနှစ်နိုင်ငံအနေနဲ့ ရှည်လျားတဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ရိုးရာယဉ်ကျေးမှုချင်းဆက်နွယ်ကာ ခိုင်မာသည့်သမိုင်းဝင်ချစ်ကြည်မှု အခြေခံကောင်းများရှိကြသည့် "အိမ်နီးချင်းကောင်းနိုင်ငံ" များဖြစ်မှု၊ အိန္ဒိယနိုင်ငံသည် ဗုဒ္ဓမြတ်စွာပွင့်ထွန်းရာ မြေမြတ်မဟာဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း အဆိုပါ ဗုဒ္ဓတရားတော်များနှင့် ယဉ်ကျေးမှုတို့ကို ယနေ့တိုင်အလေးအနက် တန်ဖိုးထားလိုက်နာထိန်းသိမ်းထားသည့် နိုင်ငံဖြစ်မှု၊ ထိုသို့ ဓမ္မကြောင်းအရ၊ သမိုင်းကြောင်းအရဆက်နွယ်မှု၊ အပြန်အလှန်လေးစားယုံကြည်မှုတို့သည် မိမိတို့နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခရီးလမ်းအတွက် ခိုင်မာလှသည့် အခြေခံအုတ်မြစ်ကြီးတစ်ခုဖြစ်မှုနှင့် သံတမန်ဆက်ဆံရေးသည် စိန်ရတုမှတ်တိုင်ကို အတူဖြတ်ကျော်ခဲ့ပြီး ၇၈ နှစ်တာကာလသို့ရောက်ရှိလာမှု၊ နှစ်နိုင်ငံအနေဖြင့် ရှေးယခင်ကတည်းက ကူးလူးဆက်ဆံမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင် အိန္ဒိယနွယ်ဖွားများစွာရှိပြီး ယနေ့ထက်တိုင် အေးအတူပူအမျှ အတူတကွနေထိုင်လုပ်ကိုင်လျက်ရှိမှု၊ ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့နှင့် ထိတွေ့ဆက်ဆံသည့်မူဝါဒ (Act East Policy) နှင့် (Neighbourhood First Policy) တို့ကို ပိုမိုမြဲမြံခိုင်မာစေသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန်လာရောက်ခဲ့မှုနှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့် အစိုးရသစ်ကို ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်မှု၊ ဒီမိုကရေစီနိုင်ငံအဖြစ် ခိုင်မာအားကောင်းစေရေး မိမိအနေဖြင့်ဆောင်ရွက်နေမှု၊ အစိုးရသစ်လက်ထက်တွင် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာမြောက် စီးပွားရေးတိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိမှုတွေကို ဦးစွာပြောကြားခဲ့ပါတယ်။

အဲဒီနောက်မှာတော့ နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံတွင် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းလည်ပတ်မှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေတွေ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်အားကောင်းလာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်မှု၊ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ နည်းပညာနဲ့ ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတွေမှာ အိန္ဒိယလုပ်ငန်းရှင်များ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ဖို့ အထူးဖိတ်ခေါ်တာတွေကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကြီးက အဖွင့်အမှာစကားပြောကြားပြီးတဲ့ အချိန်မှာတော့ အိန္ဒိယနိုင်ငံ ကုန်သည်များနှင့် စက်မှုအသင်းချုပ်(FICCI) အတွင်းရေးမှူးချုပ်နဲ့ အိန္ဒိယ စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(CII)မှ Senior Advisor ဖြစ်သူတို့က ဆွေးနွေးပြောကြားရာမှာ ယခုကဲ့သို့ မြန်မာနိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ ကုန်သည်ကြီးများအသင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းပါဝင်လာနိုင်ခြင်းသည် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် Business-to-Business Engagement များ တိုးတက်လာစေရန် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိမှု၊ နှစ်နိုင်ငံသည်နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ကုန်သွယ်ရေး၊ ချိတ်ဆက်မှု၊ အခြေခံအဆောက်အအုံ၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ ဒီဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှု၊ စွမ်းရည်မြှင့်တင်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့လာနိုင်မှု၊ နှစ်နိုင်ငံသည် လွန်စွာအလားအလာကောင်းသောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးကို တိုးမြှင့်စွမ်းဆောင်ရန် အကောင်းဆုံးအနေအထားတွင်ရှိမှုနဲ့ မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲမျိုးစုံအား ယခုထက်ပိုမိုတိုးတက်ထုတ်လုပ်၍ အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်မှုအခြေအနေတွေကို စိတ်ပါဝင်စားစွာနဲ့ အချိန်ယူဆွေးနွေး ပြောကြားခဲ့ကြပါတယ်။

ဆွေးနွေးပွဲမှာ အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံမှာလာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ဖို့အတွက် နှစ်ဖက်အစိုးရက အားပေးထောက်ပံ့ပေးစေလိုမှုတွေ၊ ကုန်သွယ်မှုများ ပိုမိုမြန်ဆန်စေရေးအတွက် ငွေကြေးလွှဲပြောင်းမှုဆိုင်ရာလုပ်ငန်းတွေကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးစေလိုမှုတွေ၊ စိုက်ပျိုးရေးကဏ္ဍ၊ IT နည်းပညာကဏ္ဍနဲ့ အခြားကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေ တိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများနဲ့ ပတ်သက်ပြီး အသီးသီးမေးမြန်းဆွေးနွေးခဲ့ကြပါတယ်။

ဒီလိုဆွေးနွေးမှုတွေအပေါ်မှာလည်း နိုင်ငံတော်သမ္မတကြီးနှင့်အတူ ခရီးစဉ်မှာ လိုက်ပါလာတဲ့ ပြည်ထောင်စုဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများက ပြည့်ပြည့်စုံစုံနဲ့ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြပါတယ်။

အိန္ဒိယနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတကြီးကလည်း ပြန်လည်ဆွေးနွေးပြောကြားရာမှာ ယခုကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲမှတစ်ဆင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးအတွက် အိန္ဒိယနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများတွင် မိမိတို့အနေဖြင့် အာမခံနိုင်သည့်လုပ်ငန်းများကို ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှတစ်ဆင့် အခြားအိမ်နီးချင်းနိုင်ငံများသို့ ပြန်လည်ရောင်းချနိုင်သည့် ဈေးကွက်လည်းရှိကြောင်း၊ ထားဝယ်ရေနက်စီမံကိန်းမှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ကြောင်း၊ IT လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီးတွင် ဆောင်ရွက်လျက်ရှိသည့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းတွင် အိန္ဒိယနိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံလိုပါက ဖိတ်ခေါ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါတယ်။ စာမျက်နှာ ၇ သို့ »»»

> **❝ မြန်မာ-အိန္ဒိယကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နာယကနဲ့အဖွဲ့ဝင်များ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ ကုန်သည်များနှင့် စက်မှုအသင်းချုပ်(FICCI) အတွင်းရေးမှူးချုပ်၊ အိန္ဒိယစက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(CII)မှ Senior Advisor တို့ အပါအဝင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ စုံလင်စွာတက်ရောက်ခဲ့ပြီး နှစ်ဖက်အပြန်အလှန် ဆွေးနွေးမှုတွေကို လုပ်ဆောင်နိုင်ခဲ့ ❞**

»»» စာမျက်နှာ ၆ မှ

ဒီလို မြန်မာ-အိန္ဒိယကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကို ဆောင်ရွက်ပြီး အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်နိုင်ဖို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အလေးအနက်ထားဖိတ်ကြားခဲ့မှုတွေနဲ့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဆောင်ရွက်ရာမှာ အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့မှုတွေကြောင့် မကြာမီအနာဂတ်ကာလမှာ မိမိတို့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ကောင်းမွန်လာမယ်လို့ မိမိတို့အနေနဲ့ ယုံကြည်ပါတယ်။ ဒီလို ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာမှုကတစ်ဆင့် မိမိတို့ နိုင်ငံအတွင်း ကုန်ထုတ်လုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်ကောင်းမွန်လာစေမှာဖြစ်ပြီး နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မှာဖြစ်ပါတယ်။


နိုင်ငံတော်သမ္မတကြီးဟာ တွေ့ဆုံဆွေးနွေးပွဲအပြီးမှာ Greater Noida မြို့မှာရှိတဲ့ NETRA (NTPC Energy Technology Research Alliance) သို့ သွားရောက်လေ့လာကြပါတယ်။ NTPC ကုမ္ပဏီရှိတဲ့ Greater Noida မြို့ကို ရောက်ရှိဖို့အတွက် နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ နယူးဒေလီမြို့ကနေ မော်တော်ယဉ်များနဲ့ တစ်နာရီခန့် သွားရောက်ခဲ့ကြရပြီး ကုမ္ပဏီသို့ ရောက်ရှိချိန်မှာတော့ ကုမ္ပဏီအကြီးအကဲက လှိုက်လှဲနွေးထွေးစွာဖြင့် ခရီးဦးကြိုဆိုခဲ့ကြပါတယ်။

အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်တွေကို ကုမ္ပဏီက တာဝန်ရှိသူတွေက ကုမ္ပဏီရဲ့ လုပ်ငန်းဆောင်ရွက်နေမှုများနဲ့ အဆင့်မြင့်သိပ္ပံနည်းကျ စွမ်းအင်အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းစဉ်များနဲ့ပတ်သက်ပြီး စက်ရုံပုံစံငယ်များကို ကုမ္ပဏီမှ တာဝန်ရှိတွေက ရှင်းလင်းပြသခဲ့ရာ နိုင်ငံတော်သမ္မတက သိရှိလိုတာတွေကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးဟာ အဲဒီကုမ္ပဏီမှာ အထိမ်းအမှတ် သစ်ပင်ငယ်ကိုလည်း စိုက်ပျိုးပေးခဲ့ပါတယ်။ ဆက်လက်ပြီး နိုင်ငံတော်သမ္မတကြီးနဲ့ အဖွဲ့ဝင်များဟာ NTPC ရှိ NET zero စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ အဆင့်ဆင့်လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများက နေရောင်ခြည်စွမ်းအင်၊ ဘက်ထရီသိုလှောင်မှုစနစ်၊ ဟိုက်ဒရိုဂျင် အခြေခံစွမ်းအင်ထုတ်လုပ်မှုစနစ်၊ မြူနီစီပယ်အမှိုက်စွန့်အမှိုက်များမှ ဓာတ်အားထုတ်ယူမှုများကို အဆင့်အလိုက် ရှင်းလင်းတင်ပြကြပါတယ်။

အဲဒီ NETRA (NTPC Energy Technology Research Alliance) ဟာ အိန္ဒိယနိုင်ငံမှာ အကြီးဆုံးစွမ်းအင်ကုမ္ပဏီလုပ်ငန်းစုကြီးဖြစ်တဲ့ NPC Limited ၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းကို အဓိကလုပ်ဆောင်နေကြောင်း၊ NETRA ကုမ္ပဏီဟာ စွမ်းအင်ကဏ္ဍအတွက် နောက်ဆုံးပေါ် ရေရှည်တည်တံ့ပြီး စီးပွားရေးအရ တွက်ခြေကိုက်သော နည်းပညာများ တီထွင်ဖန်တီးရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့၏ အဓိကဦးစားပေးလုပ်ငန်း နယ်ပယ်များမှာ ထိရောက်မှုမြှင့်တင်ရေးနှင့် ကုန်ကျစရိတ်လျှော့ချရေး၊ စွမ်းအင်သစ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော စွမ်းအင်၊ ရာသီဥတုပြောင်းလဲမှုနှင့် ရေထိန်းသိမ်းရေး၊ ပြာအသုံးချမှု၊ ကာဗွန်ဖမ်းယူမှုနှင့် အသုံးပြုမှုနှင့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုတို့အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးတို့ ပါဝင်ကြောင်း၊ NETRA သည် သုတေသနအပြင် ဓာတ်အားပေးစက်ရုံများနှင့် အခြားပြည်သူ့ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း အချက်အလက်များအရ သိရှိရပါတယ်။

ဒီလို စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာများနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီကြီးတစ်ခုအား နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က သွားရောက်ကြည့်ရှုလေ့လာခဲ့ခြင်းဖြင့် မိမိတို့နိုင်ငံတွင် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများအတွက် နောင်အနာဂတ်တွင် အထောက်အကူများစွာပြုနိုင်မည်ဖြစ်ပေသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တို့ NETRA (NTPC Energy Technology Research Alliance)၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို မေ ၃၁ ရက်က ကြည့်ရှုကြစဉ်။

(ဆက်လက်ဖော်ပြပါမည်)

---

❖ ရှေ့ဖုံးမှ

နံနက်ပိုင်းမှစတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သက်ဆိုင်ရာကျောင်းအသီးသီး၌ တာဝန်ကျ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ တက်ရောက်မည့် စာသင်ခန်းနေရာများသို့ လမ်းညွှန်ပြသပေးခြင်းနှင့် စနစ်တကျ စာသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးကြသည်။

ယနေ့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ကျောင်းအပ်နှံရေးနေ့ဖြစ်တဲ့ မေ ၂၅ ရက်ကနေ အခု ကျောင်းစတင်ဖွင့်ရက်အထိ ကျောင်းသားကျောင်းသူဦးရေ ၁၉၅၅ ဦး လက်ခံထားရှိပါတယ်။ ကျောင်းဆင်း၊ ကျောင်းတက်ချိန်ကိုလည်း နံနက် ၈ နာရီ ၄၅ မိနစ်မှာ ကျောင်းတက်ပြီး မွန်းလွဲ ၃နာရီ ၄၅ မိနစ်မှာ ကျောင်းဆင်းမှာဖြစ်ပါတယ်။ စာသင်ချိန်ကတော့ တစ်ရက်ကို ရှစ်ချိန် အချိန်ဇယားဆွဲထားပါတယ်။ ဒေသချိန်အဖြစ် တစ်ပတ် လေးကြိမ်ရှိပါတယ်။ စက်မှုအတတ်ပညာ၊ အခြေခံစိုက်ပျိုးရေးပညာ၊ အခြေခံမွေးမြူရေးပညာဆိုပြီး ဒီနှစ်မှာ ထပ်တိုးအချိန်ဇယားရှိပါတယ်။ နိုင်ငံတော်က ကျောင်းသား ကျောင်းသူတွေ အခြေခံအတတ်ပညာတွေကို ငယ်ငယ်ကတည်းက အကျွမ်းတဝင်ရှိစေဖို့နဲ့ ကျောင်းသားတစ်ယောက် Grade-9 နဲ့ ကျောင်းရပ်နားလိုက်တယ်ဆိုရင် မိမိစားဝတ်နေရေးကို လွယ်ကူစွာ ဖြေရှင်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ Grade 11 နဲ့ Grade-12 ကျောင်းသား ကျောင်းသူတွေအတွက် ဥပဒေအချိန်တစ်ချိန် ထည့်ဆွဲထားပါတယ်။ ဒီကျောင်းသားတွေက အသက် ၁၈ နှစ် ပြည့်ခါနီးဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို သိထိုက်ပြီဖြစ်လို့ ထည့်သွင်းသင်ကြားခြင်းဖြစ်ပါတယ်။ စာဖတ်တဲ့ကလေးနဲ့ စာမဖတ်တဲ့ ကလေးတို့ရဲ့ အကျိုးအကြောင်းအများအမှန်ကို ဆင်ခြင်သုံးသပ်ပုံတွေက ကွာဟပါတယ်။ ဒါကြောင့် ကျောင်းမှာ စာကြည့်တိုက်အချိန်ဆိုပြီး ထည့်သွင်းထားတဲ့အတွက် ကလေးတွေကို စာဖတ်စေချင်ပါတယ်။



စာများများဖတ်ပါလို့လည်း တိုက်တွန်းပါတယ်။ အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမအပ်ရသေးတဲ့ သား၊ သမီးတွေကို ကျောင်းအပ်နှံကြပါလို့ တိုက်တွန်းချင်ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မေယဉ်မွန်က "ကျောင်းအပ်နှံရေးနေ့မှ စတင်ပြီး ဒီနေ့အထိ ကျောင်းသား ကျောင်းသူအပ်နှံဦးရေ ၁၃၅၇ ဦးရှိပြီဖြစ်ပါတယ်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ထက် ကျောင်းသား ကျောင်းသူအသစ် ပိုမိုအပ်နှံလာပါတယ်။ Smart School ကျောင်းအဖြစ် အဆင့်မြှင့်တင်ထားတဲ့အတွက် ဒီနှစ်မှာ ဖူဆယ်အားကစားတစ်ကွင်း ထပ်မံ တိုးချဲ့ထားပါတယ်။ ဒေသချိန်၊ စာဖတ်ချိန်၊ ဥပဒေ၊ စက်မှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးအချိန်တို့ အပါအဝင် တစ်နေ့ကို အချိန် ရှစ်ချိန် အချိန်ဇယား ဆွဲထား ပါတယ်။ ဒါကြောင့် ကျောင်းမအပ်ရသေးတဲ့ သား၊ သမီးတွေများ ရှိသေးတယ်ဆိုရင် မိဘတွေအနေနဲ့ မိမိတို့ သား၊ သမီးတွေ ပညာသင်ကြားခွင့်ရအောင်ကျောင်းအပ်နှံကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်" ဟုပြောကြားသည်။

ထို့နောက် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သင်းက "ဒီနေ့အချိန်အထိ အပ်နှံကျောင်းသားကျောင်းသူ ဦးရေ ၁၅၅၉ ဦးရှိပြီဖြစ်ပါတယ်။ မနှစ်က ပညာသင်နှစ်နဲ့ နှိုင်းယှဉ်ရင် ပိုမိုအပ်နှံလာပါတယ်။

ဥပဒေအချိန်ကို Grade-11 နဲ့ Grade -12 ကျောင်းသား ကျောင်းသူတွေအတွက် ထည့်ဆွဲထားပါတယ်။ အသက် ၁၆ နှစ်နဲ့ ၁၈ နှစ်ကြား အခြေခံပညာအဆင့်ပြီးဆုံးပြီး ကျောင်းပြင်ပကို ရောက်ရှိတော့မှာဖြစ်တဲ့အတွက် ဥပဒေရဲ့ ဆောင်ရန်၊ ရှောင်ရန်နဲ့ ပြစ်မှုပြစ်ဒဏ်တွေကို သိရှိနားလည်သွားအောင် အခြေခံပညာကဏ္ဍကနေ အသိပညာပေးလိုက်တဲ့ သဘောဖြစ်ပါတယ်။ ဥပဒေရေးရာ အခြေခံမှာဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေမိတ်ဆက်၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုပြီး အခန်း ရှစ်ခန်းမှာ သိသင့်သိထိုက်တဲ့ ဥပဒေတွေကို ထုတ်နုတ်ပြီး အရွယ်နဲ့လိုက်လျောညီထွေစွာ သင်ကြားပေးနေပါတယ်။

ဒီနှစ် Grade-6 မှာ သင်ရိုးညွှန်းတမ်းအသစ်ဖြစ်တဲ့ အခြေခံစိုက်ပျိုးရေးပညာ၊ စက်မှုအတတ်ပညာ၊ အခြေခံမွေးမြူရေးပညာဆိုပြီး သင်ကြားပေးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် ဗဟုသုတအသိပညာတွေ ငယ်စဉ်ကတည်းက သိရှိအောင် သင်ကြားပေးခြင်းဖြစ်ပါတယ်။

ဒါ့အပြင် စာကြည့်တိုက်မှာဆိုရင် အသက်အရွယ်အလိုက် စိတ်ဝင်စားမယ့် သုတ၊ ရသ၊ အထွေထွေ ဗဟုသုတစာအုပ်တွေကို အမျိုးတူရာ ကဏ္ဍအလိုက်ထားထားပါတယ်။ စာများများဖတ်ခြင်းအားဖြင့် ဘက်စုံထူးချွန်တဲ့ လူကောင်း လူတော်လေးတွေဖြစ်လာစေဖို့ အခြေခံပညာကျောင်းတွေက မွေးထုတ်ပေးနေတာဖြစ်ပါတယ်။ နိုင်ငံတော်က ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းဝင်းအတွင်းရောက်ရှိရေးအတွက် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ထားပါတယ်။ ဒါကြောင့် မိဘများအနေနဲ့ ငယ်ရွယ်စဉ်အခါ ပညာရှာဆိုတဲ့ စကားအတိုင်း မိမိတို့ရဲ့ သား၊ သမီးတွေကို ကျောင်းတွေဆီ အရောက်ပို့ကြပါ၊ ကျောင်းသား ကျောင်းသူတွေကလည်း ပညာတွေကို လေ့လာသင်ယူကြပါ၊ မိမိတို့ရဲ့ဘဝ တိုးတက်မြင့်မားအောင်လုပ်ကြပါ။" ဟုပြောကြားသည်။

နိုင်ငံတော်အနေဖြင့် ကျောင်းသား ကျောင်းသူများအား အခမဲ့ပညာရေးစနစ် ဆောင်ရွက်ပေးထားသည့်အတွက် မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမရှိသည့်အပြင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးဗလာစာအုပ်၊ ဖတ်စာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများကိုလည်း အခမဲ့ဖြန့်ဝေပေးသည်။

ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းအသီးသီးတွင် အထက်တန်းအဆင့်၌ ၁၇၂၀၀၊ အလယ်တန်းအဆင့်၌ ၆၈၆၁၈ ဦးနှင့် မူလတန်းအဆင့်၌ ၁၁၅၀၀၆ ဦး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀၈၂၄ ဦး ကျောင်းတက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အေးအေးသန့်
ဓာတ်ပုံ - ဖိုးပြည့်စုံ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေမှုနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး စကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၊ ဥတ္တရသီရိမြို့နယ် အမှတ်(၁၂)အခြေခံပညာ အထက်တန်းကျောင်းတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ကိုလည်းကောင်း ရောက်ရှိကြပြီး ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများနှင့် ကျောင်းဆောင်သစ်တည်ဆောက်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၉)အဆန်/အမှတ်(၁၀)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထား စတင်ထပ်မံတိုးချဲ့ပြေးဆွဲ

နေပြည်တော် ဇွန် ၁

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၃)အဆန်/အမှတ်(၄)အစုန်နှင့် အမှတ်(၅) အဆန်/ အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားများအား ၂၀၂၆ ခုနှစ် မေလအတွင်းစတင်ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့် အမှတ်(၉) အဆန်/အမှတ်(၁၀)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား ယနေ့မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း တိုးချဲ့ပြေးဆွဲပေးခဲ့သည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၉)အဆန် | ရန်ကုန် | မန္တလေး | ၀၈:၃၀ | ၁၈:၃၀ | (၁၀)နာရီ |
| ၂ | အမှတ်(၁၀)အစုန် | မန္တလေး | ရန်ကုန် | ၀၈:၃၀ | ၁၈:၄၀ | (၁၀)နာရီ(၁၀)မိနစ် |

အထက်ပါတိုးချဲ့ပြေးဆွဲမည့် အမှတ်(၉)အဆန်/အမှတ်(၁၀)အစုန်ရထားသည် ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တစ်လျှောက် တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ တပ်ကုန်း၊ ပျော်ဘွယ်၊ သာစည်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်း ခရီးစဉ်အစအဆုံး အထက်တန်း ၄၈၀၀၀ ကျပ်နှင့် ပထမတန်း ၃၄၀၀၀ ကျပ်တို့ဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း အထက်ဖော်ပြပါ လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများအပြင် လေအေးပေးစက်ပါ အထက်တန်း လူစီးတွဲနှစ်တွဲပါရှိသော လေအိတ်ရထားဖြစ်သည့် အမှတ်(၁၁)အဆန်/အမှတ်(၁၂)အစုန် ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်ရထားများ ပြေးဆွဲလျက်ရှိပြီး ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်အား လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားများဖြစ်သော အမှတ်(၇)အဆန်/အမှတ် (၈)အစုန်နှင့် အမှတ်(၃၁)အဆန်/အမှတ် (၃၂)အစုန်ရထားများ ပြေးဆွဲပေးလျက်ရှိပါသည်။ အဆိုပါရထားများ၏ ထိုင်ခုံလက်မှတ်များအား Online Railways Ticketing and Payment (ORTP) စနစ်တွင် အွန်လိုင်းမှ ကြိုတင်၍ဝယ်ယူနိုင်မည်ဖြစ်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် ငါးရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

# မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်၊ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

မန္တလေး ဇွန် ၁

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ယနေ့ စတင်ဖွင့်လှစ်ရာ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



"ဒီနေ့ ကျောင်းစတင်ဖွင့်လှစ်တဲ့နေ့မှာ ကျွန်တော်တို့ကျောင်းမှာ ကျောင်းသား ကျောင်းသူ သုံးထောင်ကျော် တက်ရောက်နေပါတယ်။ ကျောင်းအပ်နှံမှုကို ဇွန်လ တစ်လလုံး ဆက်လက်လက်ခံ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် မိဘတွေအနေနဲ့ ကျောင်းနေအရွယ်ရင်သွေးရတနာ သားသမီးတွေကို ကျောင်းအပ်နှံကြဖို့ တိုက်တွန်းလိုပါတယ်။ မိဘတွေအတွက်သာမက နိုင်ငံတော်အတွက် အရေးကြီးလှတဲ့ ရင်သွေးရတနာတွေ ဖြစ်တဲ့အတွက် ပညာသင်ကြားလေ့လာခွင့် အခွင့်အလမ်းကို ရရှိစေချင်ပါတယ် " ဟု မန္တလေးမြို့ အမှတ် (၁၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ သန်းထိုက်စိုးက ပြောသည်။

အခြေခံပညာ ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနိုင်ရေးအတွက် အခမဲ့ အခြေခံပညာရေးစနစ်ကို ဖော်ဆောင်ထားသည့်အပြင် ကျောင်းသားကျောင်းသူများအား ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ အခမဲ့ ထောက်ပံ့ပေးသည့် အစီအစဉ်ကိုလည်း ဆောင်ရွက်ထားသည်။

"ပညာကို ကလေးတိုင်း သင်ယူလေ့လာကြရမှာပါ။ ဒီလို လေ့လာပညာသင်ကြားမှ တစ်နှစ်ထက်တစ်နှစ် ပညာရည်မြင့်မားပြီး မှန်မှန်ကန်ကန် တွေးခေါ်မြော်မြင်ဆုံးဖြတ်နိုင်တဲ့စွမ်းရည်ကို ရရှိလာမှာပါ။ ဒါ့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်တွေ အားလုံး ပညာရေးကို အလေးထားကြဖို့၊ ကြိုးစားအားထုတ်ပြီး တစ်နှစ်တစ်တန်း အောင်မြင်အောင် သင်ယူကြဖို့ တိုက်တွန်းလိုပါတယ်။ ပညာတွေ လေ့လာသင်ယူပြီး တိုင်းပြည်အတွက် အားထားရတဲ့ လူကောင်းလူမွန်၊ လူရည်ချွန်တွေ ဖြစ်လာပါစေလို့ ဆုတောင်းပေးပါတယ်"ဟု မန္တလေးမြို့မှ ကျောင်းသားမိခင်တစ်ဦးက ပြောသည်။

မန္တလေးတိုင်း ဒေသကြီး အတွင်း အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများ အားလုံး ရာနှုန်းပြည့် ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး ကျောင်းစတင်ဖွင့်လှစ်သည့် ယနေ့တွင် ကျောင်းများအလိုက်၊ အတန်းစဉ်အလိုက် သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားပေးလျက်ရှိသည်။

" အထက (၁၆) မှာ Grade - 6 ဒီနေ့ စတင်တက်ရောက် ပညာသင်ကြားပါတယ်။ ကျွန်မအနေနဲ့ Grade - 6 အတန်းကို ထူးထူးချွန်ချွန်နဲ့ အောင်မြင်ချင်ပါတယ်။ ဒါကြောင့် ဆရာ ဆရာမတွေရဲ့ သင်ကြားပေးမှုကို နေ့စဉ် သေချာလိုက်နာမှတ်သားပြီး ကြိုးစားသွားမှာပါ"ဟု အထက (၁၆) Grade - 6 ကျောင်းသူတစ်ဦးက ပြောသည်။

သတင်း-မျိုးသန့်(မန္တလေးနေ့စဉ်)
ဓာတ်ပုံ- ကိုမျိုး

# ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ပေးအပ်

ချောက် ဇွန် ၁

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသား၊ သမီးများအား ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက်ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ချောက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က ပညာသင်ထောက်ပံ့ကြေးပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၊ အလယ်တန်းအဆင့် ကျောင်းသား၊ကျောင်းသူတစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀၊ မူကြိုနှင့်မွေးကင်းစတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ဖြင့် ဝန်ထမ်းသားသမီး ၂၇ ဦး တို့အား ကျောင်းသုံးစာရေးကိရိယာနှင့် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ)
ကျော်မိုး(မြန်/ဆက်)



÷ စာမျက်နှာ ၂၄ မှ

အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် လေးထပ်လူနေအဆောက်အအုံ တစ်လုံးနှင့် သုံးထပ်အဆောက်အအုံ နှစ်လုံးကို ယာဉ်၊ ယန္တရားများ အသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၂၄ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၃ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။

✪ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်ရှိ နွားထိုးကြီး-ပြင်စည် ကားလမ်းမကြီးတစ်လျှောက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ခြင်းများ ဆောင်ရွက်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးပူးပေါင်းအဖွဲ့များက နွားထိုးကြီးမြို့နယ်အတွင်း နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဖက်ခူးကျေးရွာနှင့် ရှောက်တောဝကျေးရွာအကြား ကားလမ်းဘေးဝဲ/ယာ၌ မိုင်းရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ အများပြည်သူ ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ ထောင်ထားသည့် PVC ပိုက်ဖြင့် ပြုလုပ်ထားသော အချင်း ၆ လက်မခန့်၊ အလျား ၁ ပေခန့်ရှိ လက်လုပ်မိုင်း နှစ်လုံး၊ အချင်း ၆ လက်မခန့်၊ အလျား ၁ ပေခန့်ရှိ လက်လုပ်မိုင်း သုံးလုံး၊ အရှည် ၁ ပေခွဲခန့်ရှိလက်လုပ်မိုင်း တစ်လုံးနှင့် သံပိုက်ဖြင့် ပြုလုပ်ထားသော အချင်း ၁ ပေခန့်၊ အလျား ၁ ပေခွဲခန့်ရှိလက်လုပ်မိုင်း တစ်လုံး စုစုပေါင်း လက်လုပ်မိုင်း ခုနစ်လုံးတို့အား တွေ့ရှိ၍ အများပြည်သူဘေးအန္တရာယ်ကင်းရှင်းစေရေး စနစ်တကျ ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

အများပြည်သူသွားလာ အသုံးပြုလျက်ရှိသည့် လမ်းမကြီးများ၊ ရထားလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် လက်လုပ်မိုင်းများအား တွေ့ရစဉ်။

## စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး



**ပျော်ဘွယ် ဇွန် ၁**

ပျော်ဘွယ်မြို့နယ်၌ မီးသတ်ဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးနှင့် တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် မီးဘေးလုံခြုံရေးတပ်ဆင်ထားရှိသော ပစ္စည်းကိရိယာများ၊ သိုလှောင်ကန်များ၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခြင်း၊ အရောင်းဆိုင်ဝန်ထမ်းများ မီးသတ်ဆေးဘူးအသုံးပြုတတ်မှု၊ မီးသတ်စက်ဖြင့် လက်တွေ့စမ်းသပ်အသုံးပြုမှုများအား စစ်ဆေး၍ လိုအပ်ချက်များကို အကြံပြုမှာကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)

*-*-*-*-*-*

## သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်

**ချောက် ဇွန် ၁**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၌ မေ ၂၉ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်ခန့်က မိုးရွာသွန်းမှုကြောင့် သက်တမ်းရင့်တမာပင်သည် အမြစ်လန်လဲကျပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် ချောက်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## မုံရွာမြို့တွင် ငွေကျပ် သိန်း ၄၀၀ နီးပါးတန်ဖိုးရှိ တရားမဝင် အိန္ဒိယနိုင်ငံထုတ်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**မုံရွာ ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရန်ကင်းရပ်ကွက်၊ အသောကလမ်းရှိနေအိမ်တွင် မေ ၂၆ ရက် ညနေ ၄ နာရီခွဲခန့်က ငွေကျပ် သိန်း ၄၀၀ နီးပါးတန်ဖိုးရှိ တရားမဝင် အိန္ဒိယနိုင်ငံထုတ်ကုန်ပစ္စည်း ငါးမျိုး ဖမ်းဆီးရမိကြောင်း မုံရွာနယ်မြေရဲစခန်းမှ သိရသည်။

မုံရွာနယ်မြေရဲစခန်းမှူး ဦးဆောင်သော လုံခြုံရေးပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ဖမ်းဆီးရမိခြင်းဖြစ်ပြီး ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံထုတ်ကုန်ပစ္စည်းများကို တရားမဝင် သိုလှောင်ထားကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ တစ်ထပ်တိုက်နေအိမ်အတွင်း အိမ်ငှားနေထိုင်သူ ကျော်ကျော်(၃၃)နှစ်ဆိုသူ ကုန်သည်ကို တရားမဝင် ကုန်ပစ္စည်းများနှင့်အတူ တွေ့ရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့ကြောင်း သိရသည်။

ခန့်မှန်းတန်ဖိုး တစ်ဖာလျှင် ငွေကျပ် ၁၉၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၉၉၅၀၀၀၀ တန်ဖိုးရှိ Ovaltine ပုလင်းများပါသော ချပ်ဖာ(၁၀၅)ဖာ၊ ခန့်မှန်းတန်ဖိုး တစ်ဖာလျှင် ငွေကျပ် ၁၉၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၄၂၀၀၀၀ တန်ဖိုးရှိ LUX ဆပ်ပြာခဲများ ပါသော ချပ်ဖာ(၁၈)ဖာ၊ ခန့်မှန်းတန်ဖိုး တစ်ဖာလျှင် ငွေကျပ် ၁၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၃၂၀၀၀၀ တန်ဖိုးရှိ Life Buoy ဆပ်ပြာခဲများ ပါသော ချပ်ဖာ(၁၂)ဖာ၊ ခန့်မှန်းတန်ဖိုး တစ်ဖာလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၇၅၀၀၀၀ တန်ဖိုးရှိ Colgate သွားတိုက်ဆေးဘူးများပါသော ချပ်ဖာ(၁၁)ဖာ၊ ခန့်မှန်းတန်ဖိုး တစ်ဖာလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၂၅၀၀၀၀၀ တန်ဖိုးရှိ Vatika ခေါင်းလျှော်ရည်ထုပ်များ ပါသော ချပ်ဖာ(၂၅၀)ဖာ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၉၄၀၀၀၀ တန်ဖိုးရှိ တရားမဝင် အိန္ဒိယနိုင်ငံထုတ်ကုန်ပစ္စည်း ငါးမျိုးနှင့် ဦးကျော်ကျော် အမည်ပါ ယာဉ်မောင်းလိုင်စင်(မူရင်း) တစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။



အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ပိုင်ရှင်ဖြစ်သူ ဦးကျော်ကျော်ဆိုသူအားမေးမြန်းရာ ၄င်းသည် အဆိုပါပစ္စည်းများအား ကလေးမြို့နေ အမည်မသိ အမျိုးသားတစ်ဦးထံမှ ဝယ်ယူခဲ့ပြီး ကြုံသည့်လိုင်းကားဖြင့် မုံရွာမြို့သို့ သယ်ဆောင်၍ တစ်ဆင့်ပြန်လည်ရောင်းချရန် စီစဉ်ဆောင်ရွက်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မုံရွာမြို့နယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(ဝဲပုံ) (၃၉၄)

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**ရွှေဘို ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၌ မေ ၂၈ ရက်က ယာဉ်တိုက်မှု ဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၈ ရက် ည ၆ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ရွှေဘို-မန္တလေး ကားလမ်း၊ စတုဘုမ္မိက ပရိယတ္တိစာသင်တိုက်အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၆)ယာဉ်ထိန်း ရဲတပ်ဖွဲ့စု(ရွှေဘို)မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးမြို့မှ ရွှေဘိုမြို့ဘက်သို့ ရွှေဘိုမြို့နယ်၊ အမှတ်(၆)ရပ်ကွက်နေ ဦးကျော်သူထွန်း (၃၉)နှစ်ဆိုသူ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်သည် လားရာတူရှေ့မှ စက်ဘီးစီးနင်းနေသူ တစ်ရပ်ကွက်တည်းနေ ဦးခင်မောင် (၈၃)နှစ် ဆိုသူအား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးခင်မောင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့၍ ရွှေဘိုမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့သောကြောင့် ကျော်သူထွန်းဆိုသူအား ရွှေဘိုမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# ဗီယက်နမ်သမ္မတ တိုလမ်နှင့် ဖိလစ်ပိုင်သမ္မတ မားကို့စ်ဂျူနီယာ မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေး တိုးမြှင့်ရန် သဘောတူညီ



**မနီလာ ဇွန် ၁**

ဗီယက်နမ်သမ္မတ တိုလမ်နှင့် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်ရိုမူရက်ဖ်မားကို့စ်ဂျူနီယာတို့သည် ဇွန် ၁ ရက်က မနီလာမြို့တော်၌ ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွင် အခန်းကဏ္ဍသစ်တစ်ခုကို ဖွင့်လှစ်ကာ ဆက်ဆံရေးကို မြှင့်တင်ထားသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်ရန် သဘောတူညီခဲ့ကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုခရီးစဉ်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ်တစ်ဦး၏ ပထမဆုံးသော ဖိလစ်ပိုင်နိုင်ငံ ခရီးစဉ်ဖြစ်သလို နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် (၅၀) ပြည့်မြောက်သည့် အထိမ်းအမှတ်နှင့်လည်း တိုက်ဆိုင်နေသဖြင့် ထူးခြားသော အရေးပါမှုရှိကြောင်း သမ္မတ မားကို့စ်ဂျူနီယာက အလေးအနက် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် မနီလာ၏ ဆက်ဆံရေးအပေါ် အလေးထားမှုကို ထင်ဟပ်စေသည့်အနေဖြင့် အရှေ့တောင်အာရှတွင် ဗီယက်နမ်နိုင်ငံတစ်ခုတည်းနှင့်သာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်ထားခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ခေါင်းဆောင်က မှတ်ချက်ပြုခဲ့သည်။

ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ထားသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်ခြင်းသည် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း သိရသည်။

**Mon**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စက်သုံးဆီဈေးနှုန်းများ ထပ်မံမြင့်တက်

**ဒါကာ ဇွန် ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အောက်တိန်း၊ ဓာတ်ဆီနှင့် ရေနံဆီတို့၏ လက်လီဈေးနှုန်းများ မြင့်တက်ခဲ့ပြီး သီတင်းခြောက်ပတ်အတွင်း ဒုတိယအကြိမ်မြောက် ဈေးနှုန်းမြင့်တက်ခြင်းဖြစ်ကြောင်း အစိုးရက မေ ၃၁ ရက်တွင် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စွမ်းအင်နှင့် သတ္တုတွင်းအရင်းအမြစ်ဌာနခွဲ၏ ထုတ်ပြန်ချက်အရ ဒီဇယ်မှလွဲ၍ ကျန်စက်သုံးဆီအမျိုးအစားများ၏ ဈေးနှုန်းကို တစ်လီတာလျှင် ငါးတာကာစီ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဈေးနှုန်းအသစ်များကို မေ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ဇွန် ၁ ရက်မှစတင်ကာ အကျိုးသက်ရောက်မည်ဖြစ်သည်။ ဈေးနှုန်းအသစ်များအရ အောက်တိန်းတစ်လီတာလျှင် ၁၄၅ တာကာ၊ ဓာတ်ဆီတစ်လီတာလျှင် ၁၄၀ တာကာ၊ ရေနံဆီတစ်လီတာလျှင် ၁၃၅ တာကာ သတ်မှတ်ထားပြီး ဒီဇယ်တစ်မျိုးသာ တစ်လီတာလျှင် ၁၁၅ တာကာဖြင့် ဈေးနှုန်းပြောင်းလဲမှု မရှိကြောင်း သိရသည်။

အဆိုပါဈေးနှုန်းများကို ကမ္ဘာ့စက်သုံးဆီဈေးကွက်အတွင်း ဖြစ်ပေါ်နေသည့် ဈေးနှုန်းအပြောင်းအလဲများနှင့်အညီ ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနက ရှင်းလင်းပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ မိခင်သေဆုံးမှုနှုန်း မြင့်မားနေဆဲဟု ကုလသမဂ္ဂထုတ်ပြန်

**ကဘူးလ် ဇွန် ၁**

အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် မိခင်သေဆုံးမှုနှုန်း အမြင့်ဆုံးနိုင်ငံများအနက် တစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေပြီး ကလေးမွေးဖွားမှု ၁၀၀၀၀၀ လျှင် မိခင် ၆၀၀ ခန့် သေဆုံးလျက်ရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (OCHA) ၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဒေသတွင်းသတင်းဌာန တိုလိုနယူးစ်က ဇွန် ၁ ရက်တွင် ဖော်ပြခဲ့သည်။

နိုင်ငံတစ်ဝန်းရှိ မိခင်များနှင့် မွေးကင်းစကလေးငယ်များ၏ အသက်ကို ကယ်တင်နိုင်ရေးအတွက် အမျိုးသမီးကျန်းမာရေးလုပ်သားများ၏ အခန်းကဏ္ဍနှင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ရပ်တည်ရှိရေးမှာ အလွန်အရေးကြီးကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်မှုများ ရှိနေသော်လည်း မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ စိန်ခေါ်မှုများနှင့် ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် ဝေးလံခေါင်ဖျားသော ဒေသများတွင် လေ့ကျင့်သင်ကြားထားသည့် ကျန်းမာရေးဝန်ထမ်းများ ပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ မလုံလောက်မှုကြောင့် ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားစဉ်အတွင်း အန္တရာယ်များ ပိုမိုကြုံတွေ့နေရပြီး ယင်းအခြေအနေက မိခင်သေဆုံးမှုနှုန်းကို မြင့်မားစေကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**



# ဩစတြေးလျနိုင်ငံတစ်ဝန်းရှိ ကျယ်ပြန့်သောဒေသများတွင် ကြွက်ဘေးဆိုးကြီးကျရောက် လယ်သမားများ ထိတ်လန့်နေ

**ကင်ဘာရာ ဇွန် ၁**

ဩစတြေးလျနိုင်ငံတစ်ဝန်းရှိ ကျယ်ပြန့်သော ဒေသများတွင် ကြွက်ဘေးဆိုးကြီးကျရောက်နေသဖြင့် လယ်သမားများ ထိတ်လန့်နေကြရပြီး နေအိမ်များပတ်ပတ်လည်တွင် သောင်းကျန်းနေသည့်အပြင် ကောက်ပဲသီးနှံစိုက်ခင်းများကိုလည်း ဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် လောင်စာဆီနှင့် မြေဩဇာရရှိမှု အခြေအနေများကို ကြိုတင်ခန့်မှန်းရခက်ခဲနေသဖြင့် လယ်သမားများမှာ အကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်တွင် ယခုကဲ့သို့ ကြွက်ဘေးဒုက္ခ ထပ်မံကြုံတွေ့ရခြင်းဖြစ်သည်။

ယခုဖြစ်ပွားနေသော ကြွက်ဘေးအန္တရာယ်ကြောင့် လယ်သမားများသည် ကြွက်များ ကိုက်ဖြတ်ဖျက်ဆီးသွားသော သီးနှံများကို ပြန်လည်စိုက်ပျိုးရန် သို့မဟုတ် ကြွက်သတ်ဆေးလူးထားသော မျိုးစေ့ကဲ့သို့သော ကြွက်ထောင်ချောက်စာများ ထားရှိရန်အတွက် အဖိုးတန်လှသော စိုက်ပျိုးရေးအချိန်များကို အသုံးပြုနေရပြီး ဒေါ်လာသိန်းပေါင်းများစွာ အကုန်အကျခံနေရကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ယခုနှစ် စမတ်ဖုန်းတင်ပို့မှု ၁၃ ဒသမ ၉ ရာခိုင်နှုန်းထိ ကျဆင်း အလုံးရေ ၁ ဒသမ ၀၈ ဘီလီယံသာ ရှိတော့မည်ဟု ခန့်မှန်းထား

**တိုကျို ဇွန် ၁**

ကမ္ဘာလုံးဆိုင်ရာ စမတ်ဖုန်းဈေးကွက်သည် သမိုင်းတစ်လျှောက် အဆိုးရွားဆုံး နှစ်အလိုက်ကျဆင်းမှုကို ရင်ဆိုင်နေရပြီး ယခုနှစ်အတွင်း စမတ်ဖုန်းတင်ပို့မှု ၁၃ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းကာ အလုံးရေ ၁ ဒသမ ၀၈ ဘီလီယံသာ ရှိတော့မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ကမ္ဘာလုံးဆိုင်ရာ ချစ်ပ်ပြားထောက်ပံ့မှု ပြတ်လပ်မှု ပိုမိုပြင်းထန်လာရာမှ ယခုခန့်မှန်းချက်သည် လွန်ခဲ့သောဖေဖော်ဝါရီလက ခန့်မှန်းခဲ့သည့် ၁၂ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းမှုထက် ပိုမိုဆိုးရွားလာခြင်း ဖြစ်သည်။

ချစ်ပ်ပြားထုတ်လုပ်သူများသည် ၎င်းတို့၏ ထုတ်လုပ်မှုစွမ်းအားကို အိုင်အေနှင့် သက်ဆိုင်သော ချစ်ပ်ပြားများ ထုတ်လုပ်မှုဘက်သို့ ပြောင်းလဲလိုက်ခြင်းကြောင့် အခြေခံအဆင့်စမတ်ဖုန်းများ ထုတ်လုပ်ရန် တွက်ခြေမကိုက်ဖြစ်လာပြီး အနိမ့်တန်းစမတ်ဖုန်း ဈေးကွက်တွင် အဆိုပါ သက်ရောက်မှုကို အဆိုးရွားဆုံး ခံစားနေရကြောင်း သိရသည်။

**Mon**

# တောင်ကိုရီးယား ကာကွယ်ရေးလုပ်ငန်းစု စက်ရုံတစ်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လူငါးဦး သေဆုံး၊ နှစ်ဦး ဒဏ်ရာရ

**ဆိုးလ် ဇွန် ၁**

တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးလုပ်ငန်းစုတစ်ခုဖြစ်သော ဟန်ဝှါ အာကာသကာကွယ်ရေးကုမ္ပဏီပိုင် စက်ရုံတစ်ရုံတွင် ဇွန် ၁ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သဖြင့် လူငါးဦး သေဆုံးသွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ပေါက်ကွဲမှုသည် ဆိုးလ်မြို့၏ တောင်ဘက် ၁၅၀ ကီလိုမီတာခန့်အကွာရှိ ဒေဂျွန်းမြို့ရှိ ဟန်ဝှါစက်ရုံတွင် ဒေသစံတော်ချိန် နံနက် ၁၁ နာရီဝန်းကျင်က ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဒေဂျွန်းမီးသတ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက လူငါးဦး သေဆုံးပြီး အခြားလူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြောကြားခဲ့သော်လည်း အသေးစိတ်အချက်အလက်များကိုမူ ထပ်မံထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀




# ဂျပန်နိုင်ငံ၏ နစ်ကေးစတော့ရှယ်ယာအညွှန်းကိန်းအရ ဆော့ဖ်ဘန့်ခ်လုပ်ငန်းစုက တိုယိုတာကုမ္ပဏီကို ကျော်တက်

**တိုကျို ဇွန် ၁**

ဂျပန်နိုင်ငံ၏ နစ်ကေးစတော့ရှယ်ယာအညွှန်းကိန်းအရ ကနဦးလုပ်ငန်းသစ်များတွင် ရင်းနှီးမြှုပ်နှံသည့် ဆော့ဖ်ဘန့်ခ်လုပ်ငန်းစုက တိုယိုတာမော်တော်ယာဉ်ကုမ္ပဏီကို ကျော်တက်ကာ နိုင်ငံ၏ တန်ဖိုးအရှိဆုံးကုမ္ပဏီဖြစ်လာခဲ့ပြီးနောက် ဉာဏ်ရည်တုနှင့် ဆက်စပ်နေသော ရှယ်ယာများကြောင့် ဇွန် ၁ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ၆၇၀၀၀ အထက်သို့ ကျော်လွန်သွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



နစ်ကေးအညွှန်းကိန်းသည် ၆၇၂၃၁ ဒသမ ၂၈ အထိ မြင့်တက်ခဲ့ပြီးနောက် ၁ ဒသမ ၁ ရာခိုင်နှုန်း ထပ်မံမြင့်တက်ကာ နေ့လယ်ပိုင်း အရောင်းအဝယ်ခေတ္တရပ်နားချိန်တွင် ၆၇၀၃၈ ဒသမ ၂၄ တွင် ရှိနေခဲ့သည်။

ဆော့ဖ်ဘန့်ခ်သည် နစ်ကေးအညွှန်းကိန်း စုစုပေါင်း ၇၀၉ မှတ်မြင့်တက်မှုတွင် ၆၁၈ မှတ်အထိ ပါဝင်ပံ့ပိုးပေးနိုင်ခဲ့ပြီး ၁၀ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်သွားခဲ့သဖြင့် အညွှန်းကိန်းအတွက် အကြီးမားဆုံး အထောက်အပံ့ဖြစ်ခဲ့ကြောင်း သိရသည်။ **Mon**




# နိုင်ငံတကာ အားကစား သတင်းများ



## ဂျာမနီအသင်းက ဖင်လန်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**မြူးနစ် ဇွန် ၁**

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဂျာမနီအသင်းနှင့် ဖင်လန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက ဖင်လန်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျာမနီအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၃၄ မိနစ်နှင့် ၅၇ မိနစ်တွင် ဒင်းနစ်စ်အန်ဒါ့ဗ်၊ ပွဲချိန် ၄၈ မိနစ်တွင် ဖလော်ရီယန် ဝါ့ဇ်၊ ပွဲချိန် ၆၃ မိနစ်တွင် မူစီယာလာတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

ဂျာမနီအသင်းသည် နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ်လာမည့် ဇွန် ၇ ရက်တွင် အမေရိကန်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## 2026 Roland Garros တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Mirra Andreeva တက်ရောက်

**ပါရီ ဇွန် ၁**

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ရုရှားတင်းနစ်မယ် Mirra Andreeva တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်မယ် Mirra Andreeva သည် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် Jil Teichmann ကို ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Roland Garros တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် Mirra Andreeva နှင့် ရိုမေးနီးယားတင်းနစ်မယ် Sorana Cirstea တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အောက်ပုံ)(NGB)



## နိုင်ငံတကာခြေစမ်းပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၂-၆-၂၀၂၆ ညသန်း၃၀ နာရီ | ဒိုမီအရှား - ဘယ်လ်ဂျီယံ |
| ၂-၆-၂၀၂၆ ည၁၁း၃၀ နာရီ | ဂျော်ဂျီယာ - ရိုမေးနီးယား |
| ။ | မော်ရိုကို - မာဒါဂါစကာ |
| ၃-၆-၂၀၂၆ နံနက် ၀၁း၁၅ နာရီ | ဝေလ - ဂါနာ |
| ၃-၆-၂၀၂၆ နံနက် ၀၆း၃၀ နာရီ | ပေရူ - နယူးဇီလန် |
| ၃-၆-၂၀၂၆ နံနက် ၀၇း၃၀ နာရီ | တောင်ကိုရီးယား - အယ်ဆာဗေးဒိုး |

## မီကယ်လ်ဘရိုဟန်ဆန်ကို ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဇွန် ၁**



ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် မန်စီးတီး၊ ချဲလ်ဆီး၊ နယူးကာဆယ်အသင်းတို့သည် နော်ဝေကလပ် ဘိုဒိုဂလင့်အသင်း တိုက်စစ်မှူး မီကယ်လ်ဘရိုဟန်ဆန်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသည့်အပြင် ဘိုဒိုဂလင့်အသင်းနှင့်အတူ ပြိုင်ပွဲ ၁၂ ပွဲအထိ ကစားပြီး ခုနစ်ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။ (အပေါ်ယာပုံ)

ဘိုဒိုဂလင့်အသင်းကလည်း မီကယ်လ်ဘရိုဟန်ဆန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် မန်စီးတီး၊ ချဲလ်ဆီး၊ နယူးကာဆယ်အသင်းတို့အနေဖြင့် မည်သည့်အသင်းက ဘိုဒိုဂလင့်အသင်းမှ မီကယ်လ်ဘရိုဟန်ဆန်ကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## ဟာဆန်ကာမာရာ အူဒီးနိစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဇွန် ၁**

စီးရီးအေကလပ် အူဒီးနိစ်အသင်းသည် အသင်းနောက်ခံကစားသမား ဟာဆန်ကာမာရာကို ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အူဒီးနိစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၁ ပွဲကစားကာ နှစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဟာဆန်ကာမာရာက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ"ဟု ပြောသည်။

(အပေါ်ဝဲပုံ)(NGB)

## နည်းပြ အိုလီဗာဂလက်စ်နာကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် အေစီမီလန်အသင်း ဆွေးနွေး

**မီလန် ဇွန် ၁**

အေစီမီလန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြ အိုလီဗာဂလက်စ်နာကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အဆိုပါ နည်းပြသည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် ဖရန့်ဖတ်၊ LASK၊ ဝုဖ်ဘတ်၊ ခရစ္စတယ်ပဲလေ့စ်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အေစီမီလန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလာခြင်းဖြစ်သည်။

နည်းပြ အိုလီဗာဂလက်စ်နာကိုယ်တိုင်ကလည်း ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် လမ်းခွဲတော့မည်ဖြစ်သောကြောင့် အေစီမီလန်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။




ထို့ကြောင့် နည်းပြ အိုလီဗာဂလက်စ်နာကို အေစီမီလန်အသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## ကိုနာတီ လီဗာပူးအသင်းမှ ထွက်ခွာ

**လန်ဒန် ဇွန် ၁**

လီဗာပူးအသင်း နောက်ခံကစားသမားကိုနာတီသည် အသင်းနှင့် စာချုပ်သက်တမ်းမတိုးတော့ဘဲ ထွက်ခွာလာခဲ့ပြီဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ကိုနာတီသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၃ပွဲကစားကာ ခုနစ်ဂိုးအထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ကိုနာတီအနေဖြင့် လီဗာပူးအသင်းမှ ထွက်ခွာလာပြီးနောက် မည်သည့်အသင်းသို့ ပြောင်းရွှေ့သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ)(NGB)



## လူးဝစ်စီနီစတာရာကို ခရူဇီရိုအသင်း အပြီးသတ်ခေါ်ယူ

**လန်ဒန် ဇွန် ၁**

ဘရာဇီးကလပ် ခရူဇီရိုအသင်းသည် ဘုန်းမောက်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တောင်ပံကစားသမား လူးဝစ်စီနီစတာရာကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ခရူဇီရိုအသင်းနှင့်အတူ ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တောင်ပံကစားသမား လူးဝစ်စီနီစတာရာသည် ၂၀၂၆ ခုနှစ်အတွင်းတွင် ဘုန်းမောက်အသင်းမှ ခရူဇီရိုအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၁၄ ပွဲကစားကာ နှစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ခရူဇီရိုအသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ခရူဇီရိုအသင်း၏ ထုတ်ပြန်ချက်တွင် "လူးဝစ်စီနီစတာရာကို အပြီးသတ်ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ" ဟု ထုတ်ပြန်သည်။

(ဝဲပုံ)(NGB)

## ဘီလီဂီးလ်မော ဒူးဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲ လွဲချော်ဖွယ်ရှိ

**လန်ဒန် ဇွန် ၁**

စကော့တလန်အသင်း ကွင်းလယ်ကစားသမား ဘီလီဂီးလ်မောသည် ဒူးဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲ လွဲချော်ဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် စကော့တလန်အသင်းက ကူရာကာအိုအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သည်။



ကွင်းလယ်ကစားသမား ဘီလီဂီးလ်မော ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စကော့တလန်လက်ရွေးစင်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဘီလီဂီးလ်မောသည် စကော့တလန် အသင်းနှင့်အတူ ၂၀၂၁ မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲပေါင်း ၄၅ ပွဲ ကစားပြီး နှစ်ဂိုး သွင်းယူထားသည်။ (ဝဲပုံ)(NGB)

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် တက်ရောက်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေး







**မန္တလေး ဇွန် ၁**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများကို နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် ဇွန် ၁ ရက်မှ စတင်၍ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် တက်ရောက်သင်ကြားလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

ကျောင်းများသို့ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့်ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုကာ အားပေးစကားများပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ ရောက်ရှိရေး၊ ကျောင်းနေမြဲရေးနှင့် အရည်အချင်းပြည့်ဝစွာဖြင့် တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေး၊ အနည်းဆုံး KG+9 ပြီး မြောက်စေရေး၊ စာသင်ခန်းများ လေဝင်၊ လေထွက်ကောင်းမွန်ပြီး အလင်းရောင်ကောင်းစွာ ရရှိရေး၊ ကျောင်းမုန့်ဈေးတန်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကိုသာရောင်းချရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးနှင့် အစဉ်အမြဲသန့်ရှင်းသာယာလှပရေးတို့ကို အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)









# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မတ္တရာမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်





**မန္တလေး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများလိုက်ပါပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေး-မတ္တရာ ပြည်ထောင်စုလမ်းမကြီးရှိ ရွှေကျင်စစ်ဆေးရေးဂိတ်သို့ ရောက်ရှိပြီး ဌာနဆိုင်ရာ အဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်သွားကားလမ်း၊ ရေနံ့သာကျေးရွာအနီးရှိ မတ္တရာငါးလုပ်ငန်းစခန်း(ရေနံ့သာ)သို့ ရောက်ရှိပြီး တာဝန်ရှိသူများက ငါးလုပ်ငန်းစခန်း၏ လုပ်ငန်းများ ပုံမှန်အတိုင်း အမြန်ဆုံးလည်ပတ်နိုင်ရေးဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မတ္တရာ-သပိတ်ကျင်းလမ်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် တံငါတံတားအား ပြည်သူများသွားလာနိုင်ရေးအတွက် ယာယီဘေလီတံတားအဖြစ် ပြုပြင်ဆောင်ရွက်ထားရာ ခရီးသွားလာဖြတ်သန်းမှုများပြားလာသည့်အတွက် တံတားကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ လက္ကောင်းကြီးကျေးရွာအုပ်စုရှိ မြို့မ ရှေ့တန်းတောင်သူနည်းပညာ ပြန့်ပွားရေးစခန်းတွင် တောင်သူများနှင့်တွေ့ဆုံပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မတ္တရာမြို့နယ်သည် ရေခံမြေခံအလွန်ကောင်းမွန်ပြီး သီးနှံများအောင်မြင်ဖြစ်ထွန်းသည့် ဒေသတစ်ခုဖြစ်ရာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လာရောက် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နေရပ်စွန့်ခွာသွားသည့် တောင်သူများသည် နေအိမ်များတွင် အေးချမ်းလုံခြုံစွာ ပြန်လည်နေထိုင်လျက်ရှိပြီး စားဝတ်နေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စိတ်ချမ်းသာစွာဖြင့် ပြန်လည်လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ သီးနှံစိုက်စွမ်းအားများ တိုးတက်ရေး၊ စပါးသီးနှံအပါအဝင်အဓိက သီးနှံ(၁၄)မျိုးတွင် ပါဝင်သည့်သီးနှံများ စိုက်ဧကတိုးချဲ့စိုက်ပျိုးသွားရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြား၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က တောင်သူများအား ဝါသီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များကို ထောက်ပံ့ပေးအပ်ပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စွမ်းအင်ဝန်ကြီးဌာနမှထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

၎င်းနောက် မတ္တရာမြို့နယ်၊ လက္ကောင်းကြီးကျေးရွာအုပ်စု ကံဖြူအရှေ့ကွင်းတွင် မဟာစံပြနွယ်အဆင့်မြင့်ဆန်စက်ဆောင်ရွက်မည့် နေရာကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## မန္တလေးတိုင်းဒေသကြီးအဆင့် ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone)လုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေးကျင်းပ

**မန္တလေး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီးအဆင့် ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန်(Rice Export Zone) လုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးအဆင့် ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးလှမျိုးက အဖွင့်အမှာစကားပြောကြားပြီးနောက် ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးက ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန်(Rice Export Zone)အကောင်အထည်ဖော်ဆောင်ရွက်နေသော နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးသုံးခုအတွက် မျိုးကောင်းမျိုးသန့်များ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်မှု အခြေအနေနှင့် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ဆောင်ရွက်နိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံမျိုးစေ့အသင်းတို့မှ ကိုယ်စားလှယ်များက ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် လိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြကြောင်းနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**

သတင်း-စာမျက်နှာ ၁၂





# မန္တလေးငလျင်နဲ့ ဗုဒ္ဓဓာတ်အမွေအနှစ်များ-၃၃

မန္တလေးငလျင်ကြီး အင်အားကြီးမားစွာ လှုပ်ခတ်ဖျက်ဆီးလိုက်လို့ ဘုရားပုထိုးစေတီ ကျောင်းကန် ရှေးဟောင်းအမွေအနှစ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ တစ်ဖက်မှာလည်း ပြိုပျက်ခဲ့ရတဲ့ ဘုရားစေတီတွေထဲက ထွက်ပေါ်လာခဲ့တဲ့ ဌာပနာအမွေအနှစ် အသစ်အဆန်းများကြောင့် သမိုင်းနဲ့ သုတေသနနယ်ပယ်မှာ မှတ်တမ်းတင်ခွင့်ရခဲ့တာတွေလည်း မနည်းမနောပါပဲ။

အခုလည်း အသစ်မဟုတ်ပေမယ့် အဆန်းဖြစ်ခဲ့ရတဲ့ ဆင်းတုတော် တစ်ဆူအကြောင်း ရေးဖို့ရာ အကြောင်းဖန်လာလို့ သုတေသနရှုထောင့်ကနေ တင်ပြလိုက်ရပါတယ်။ အကြောင်းအရာ ခြုံငုံမိစေဖို့ နိဒါန်းနည်းနည်း ချီပါရစေ။ အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ရှေးမြို့ဟောင်း တစ်မြို့ဖြစ်တဲ့ အမရပူရမြို့ဟာ ငလျင်ဒဏ်ကို အတော်များများ ခံစားခဲ့ရတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ တန်ခိုးကြီး ထင်ရှားတဲ့ သမိုင်းဝင် ရှေးဘုရားစေတီ ၉၀ ရာခိုင်နှုန်း ထိခိုက်ခဲ့တဲ့ မြို့ဖြစ်ပါတယ်။

အဲ့ဒီလို အပြင်းအထန် ထိခိုက်ခဲ့တဲ့ ဘုရားစေတီတော်တွေထဲမှာ အမရပူရမြို့ရဲ့ သမိုင်းဝင် ကြီးလေးကြီးမှာ အပါအဝင်ဖြစ်တဲ့ ရွှေဂူကြီး ဘုရားလည်း အကြီးအကျယ် ထိခိုက်ခဲ့ပါတယ်။ ထိခိုက်တာမှ ရွှေဂူကြီးတင်မကဘဲ စေတီတော် ပရိဝုဏ်အတွင်းမှာရှိတဲ့ အခြားအရံစေတီတွေ ၇၅ ရာခိုင်နှုန်း ပြိုလဲထိခိုက်ခဲ့ပါတယ်။ ဒါကြောင့် ပြန်လည်ထိန်းသိမ်းဖို့ရာအတွက် ရှင်းလင်းနေကြလို့ အခုအချိန် ဘုရားဝင်းထဲ သွားကြည့်ရင် မှတ်မိစရာ မရှိလောက်အောင် ပြောင်တလင်းခါနေပါပြီ။ ဝမ်းသာစရာကောင်းတဲ့ အချက်ကတော့ ပြိုပျက်ခဲ့ရတဲ့ ရွှေဂူကြီးဘုရား အပါအဝင် အခြားစေတီတော်တွေကို ထာဝရအလှူရှင်လို့ ပြောနိုင်တဲ့ တီဘက်ထရီနဲ့ ကျော်မော်စတိုးဆိုင်ပိုင်ရှင် မိသားစုက တစ်ဦးတည်း အလှူရှင်အဖြစ် ပြန်လည်တည်ဆောက်မယ်လို့ သိရတဲ့အတွက် ကြည်နူးဝမ်းမြောက်စွာ သာဓုခေါ်မိပါတယ်။ သုတေသီတစ်ယောက်အနေနဲ့ ထပ်ပြီး ကြည်နူးစရာ ကောင်းတာက အဲ့ဒီလို ပြန်လည်တည်ဆောက်တဲ့အခါမှာ မြန်မာနိုင်ငံ ငလျင်အသင်း ဒုတိယဥက္ကဋ္ဌ ဆရာဦးစောထွေးဇော်ရဲ့ အကြံဉာဏ် ကြီးကြပ်မှုနဲ့အတူ အင်ဂျင်နီယာကောင်စီဝင် ဆရာဦးကျော်သောင်းက ရှေးထုံးအစဉ်အလာအတိုင်း ထုံးသရွတ် မြေသရွတ်နဲ့ပဲ စေတီတော်တစ်ဆူလုံးကို ရှေးမူမပျက် ပြန်လည်တည်ဆောက်မယ်ဆိုတာပါပဲ။

ယနေ့ခေတ် နည်းပညာလို ပိုပြီးခိုင်မာအောင် သံကူကွန်ကရစ်တို့၊ ဘိလပ်မြေတို့ မပါဘဲ ပြန်လည်တည်ဆောက်မယ်ဆိုတာ ဝမ်းသာစရာပါ။ ဒါကြောင့် စာရေးသူကလည်း မိမိတတ်စွမ်းတဲ့ဘက်ကနေ သမိုင်းဆိုင်ရာ အနုပညာဆိုင်ရာနဲ့ လက်တွေ့ အတွေ့အကြုံလေးတွေကို ပူးပေါင်းလို့ တစ်ထောင့်တစ်နေရာကနေ အကူအညီပေးလျက်ရှိနေပါတယ်။ အခုလောလောဆယ်တော့ ရန်ကုန်နည်းပညာတက္ကသိုလ်ကနေ ကျောင်းသားတစ်စု ခေါ်လာပြီး စေတီတော်အပြင် အခြားအရံစေတီများအားလုံးကို နည်းပညာမြင့် မှတ်တမ်းတင်တာ၊ ပုံဆွဲပုံထုတ်တာတွေတော့ ပြီးသွားပြီလို့ သိရပါတယ်။ စာရေးသူ မှတ်မိပါသေးတယ်။ ပုဂံဘုရားတွေ အကြီးအကျယ် ထိန်းသိမ်းနေတဲ့အချိန်ကပေါ့။ အကြီးအကဲတစ်ဦးကနေ စေတီငယ်တစ်ဆူကို ရှေးမူစနစ်အတိုင်း ပြန်လည်ထိန်းသိမ်းကြည့်ဖို့ ညွှန်ကြားခဲ့ပါတယ်။ ရှေးမူစနစ်ဆိုတာ အတော်များများ



ရွှေဂူကြီးဘုရားမှ ရွှေဆင်းတုတော်။

သိကြပြီးဖြစ်တဲ့ 'အုံတုံသတ္တ နဝကျွဲကော် ဒွေးနော် တင်လဲ ဥသျှစ်ကဲ၍ လဲဝါတစ်ဆုပ် ဆီတစ်မှုတ်' ဆိုတဲ့ အချိုးအစား သရွတ်နဲ့ တည်ဆောက်ခိုင်းခဲ့တာပါ။ လုပ်ကြည့်တော့လည်း အောင်မြင်ပါတယ်။

ဒါပေမဲ့ ပါဝင်ပစ္စည်းတွေက ရှေးခေတ်ကလို အလွယ်တကူနဲ့ မရရှိလေတော့ ထမ်းပိုးထက် လက်ခပိုကြီးသွားခဲ့တယ်လို့ မှတ်သားခဲ့ရဖူးပါတယ်။ အခုလည်း ရှေးထုံးအစဉ်အလာနဲ့ အစစပြန်တည်ဆောက်မယ်ဆိုတော့ အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်။ ထားပါတော့။ စာရေးသူ အခုတင်ပြမယ့် အကြောင်းအရာက ဘုရားပြန်လည်တည်ဆောက်ရေးကိစ္စ မဟုတ်ပေမယ့် ရွှေဂူကြီးဘုရားထဲက ထွက်ပေါ်လာတဲ့ ဆင်းတုတော် တစ်ဆူနဲ့ ပတ်သက်နေလို့ပါ။ အဲ့ဒီ ဆင်းတုတော်ဟာ ဉာဏ်တော် … စင်တီမီတာနဲ့ ဒူးခွင် … စင်တီမီတာရှိပြီး အတွင်းက ချိတ်ခံ ခေါင်းပွအမျိုးအစား ဆင်းတုတော်ဖြစ်ပြီး ပူးတွဲပါပုံမှာ ပြထားပါတယ်။ ဖြစ်စဉ်က ဒီလိုပါ။ ဌာပနာတွေနဲ့အတူ တွေ့ရချိန်မှာ အားလုံးက ရွှေဆင်းတုတော်နဲ့ တူတယ်လို့ ထင်ခဲ့ပါတယ်။ သေချာအောင်လို့ဆိုပြီး ရွှေမိုက်ထုတ်လုပ်ငန်းဆောင်ရွက်သူကို ခေါ်ပြီးစစ်ဆေးကြည့်စေတော့ ရွှေမဟုတ်ဘူးလို့ ပြောပါတယ်။ မှတ် ကျောက်နဲ့စစ်၊ မစစ်တော့ မသိပါဘူး။ သူ့အတွေ့အကြုံနဲ့ အာမခံပြီး ရာနှုန်းပြည့် ရွှေမဟုတ်ဘူးလို့ ပြောသွားတာပါ။ ကျွန်တော်တို့ကလည်း ရွှေကျွမ်းကျင်သူမဟုတ်လေတော့ သူပြောတာ လက်ခံမိပါတယ်။ နောက်ပြီး ဆင်းတုတော်ကို ဖူးကြည့်လိုက်တော့လည်း မြေကြီးထဲမှာ နှစ်ပေါင်း ၂၀၀ နီးပါး ကြာနေတာတောင် ရွှေရောင်တော့ ပြောင်လက်နေသလို ထင်ရပေမယ့် ခပ်ညစ်ညစ်ပေါ့လေ။

ဒီတော့ စစ်ဆေးပြီး မှတ်တမ်းတင်တော့လည်း ရွှေဟုယူဆရသော သတ္တုလို့ပဲ ရေးခဲ့ကြတာပေါ့။ ဂေါပကအဖွဲ့ အားလုံးကလည်း ကျွန်တော်တို့လိုပဲ ရွှေမဟုတ်ဘူးဆိုတော့ ပေါ့ပေါ့ဆဆပဲ သာမန်သံဆန်ခါတပ် အခန်းထဲမှာ ဒီအတိုင်းပဲ သိမ်းထားခဲ့တာပေါ့။ ပတ္တမြားမှန်ရင် နွံမနစ်ဘူးလို့ ပြောရမလား။ ဘုရားဆင်းတုတော်ရဲ့ ဘုန်းတန်ခိုးလို့ ပြောရမလားဘဲ။ ငလျင်ကြီးအပြီး ကိုးလတင်းတင်းပြည့်တဲ့နေ့ ၂၈-၁၂-၂၀၂၅ ရက်မှာ ထိုင်းနိုင်ငံ ချူလာလောင်ကွန်း တက္ကသိုလ်က ပညာရှင်တစ်ဖွဲ့ မြန်မာနိုင်ငံကို ရောက်လာပါ



စစ်ဆေးတွေ့ရှိချက်ရလဒ်။

တယ်။ လာရင်းရည်ရွယ်ချက်ကိုက ငလျင်ကြောင့် ထိခိုက်ခဲ့တဲ့ ဘုရားစေတီတော်တွေကို အပူအာရုံခံ ဒရုန်းအကူအညီနဲ့ စစ်ဆေးပြီး ဘယ်နေ့အတွင်းမှာ ရေငွေ့ ဘယ်လောက်ကျန်နေတယ်၊ ဘယ်လို ထိန်းသိမ်းသင့်တယ် ဆိုတာရယ်၊ နောက်တစ်ခုက သတ္တုတို့ ကျောက်တို့၊ နံရံဆေးရေးတို့ကို ခွဲခြားစစ်ဆေးတဲ့ စက်ကလေးနဲ့ ပါဝင်မှုကို အခြေခံပြီး ခေတ်ကာလ ခွဲခြားသတ်မှတ်တဲ့ နည်းပညာရယ် အကူအညီပေးဖို့ပေါ့။

ကျွန်တော်တို့မှာ အဲ့ဒီလို နည်းပညာမြင့် စက်ကိရိယာတွေမရှိတော့ နှစ်ပေါင်းများစွာ လေ့လာခဲ့မှု အတွေ့အကြုံကိုပဲ အားကိုးပြီး နှိုင်းယှဉ်စစ်ဆေးတဲ့ နည်းကိုပဲ သုံးပြီးခေတ်ခွဲခြား နေရတာလေ။ မျိုးဆက်သစ်များအတွက်တော့ နောင်တစ်ချိန် အဲ့ဒီစက်မျိုးရလာခဲ့ရင် အလွယ်တကူ အသုံးပြုနိုင်လာပါလိမ့်မယ်။ အဲ့ဒီအခါ အချိန်ကုန်သက်သာခြင်း၊ အပင်ပန်းသက်သာခြင်း၊ တိကျသေချာခြင်းစတဲ့ အားသာချက်တွေနဲ့အတူ အနာဂတ် ရှေးဟောင်းသုတေသနလုပ်ငန်းများမှာ စွမ်းဆောင်နိုင်ကြပြီပေါ့။

အဲ့ဒီ ထိုင်းပညာရှင်အဖွဲ့ စရောက်တဲ့နေ့ကတည်းက တံတားဦးမြို့ ပေါင်းလဲကြီးဘုရားဝင်းအတွင်းက တွေ့ရှိခဲ့တဲ့ ကြေးဆင်းတုတော်ကို စစ်ဆေးအဖြေထုတ်တာ တွေ့လိုက်ရတော့ စာရေးသူလည်း ရွှေဂူကြီးဘုရားက တွေ့ရတဲ့ ဆင်းတုတော်အချို့ကို စစ်ဆေးပေးဖို့ ချက်ချင်းတောင်းဆိုလိုက်မိပါတယ်။ သူတို့ကလည်း လိုလိုလားလားပါပဲ စိတ်ဝင်တစား စစ်ဆေးပါမယ်တဲ့။ အမရပူရမြို့ ရွှေဂူကြီးဘုရားကိုရောက်လို့ အဲ့ဒီဘုရားဆင်းတုတော်ကို ပထမဆုံးစပြီး စစ်ဆေးစေခဲ့ပါတယ်။ အဖြေသိရဖို့ သူတို့စက်က တစ်မိနစ်စောင့်ရပါတယ်။ စာရေးသူအတွက်တော့ အဲ့ဒီတစ်မိနစ်ဆိုတဲ့ အချိန်ဟာ တစ်နာရီအလား အတော်ကြာခဲ့တာ အမှန်ပါပဲ။

စိတ်လှုပ်ရှားနေလို့လေ၊ အဖြေရတော့ စက်ကနေ ပရင့်ထုတ်တဲ့အဆင့်ထိတောင် မစောင့်နိုင်ဘဲ ဓာတ်ပုံရိုက်ယူထားလိုက်တယ်။ စက်မှာပြနေတဲ့ သတ္တုပါဝင်မှုနှုန်းက အရှေ့ဘက်မျက်နှာစာက စစ်တော့ ရွှေပါဝင်မှုနှုန်း ၈၁ ဒသမ ၀၄ လို့ ပြနေပြီး နောက်ကျောဘက်ကနေ တစ်ခါထပ်စစ်တော့ ကြေးနီ ၁ ဒသမ ၄၉၊ ရွှေ ၈၅ ဒသမ ၄၊ ရွှေဖြူ ၁၂ ဒသမ ၃၆နဲ့ ဘစ္စမတ် ၀ ဒသမ ၁၆ ဖြစ်ပါတယ်။ စစ်ပေးနေတဲ့ ထိုင်းပညာရှင်အဖွဲ့ကတောင် အံ့သြနေကြတယ်။ စာရေးသူရဲ့ ဉာဉ်အတိုင်း မေးခွန်းတွေ တရစပ်မေးတော့တာပဲ။ ဒီနေရာမှာ သတိတစ်ချက် ထားရသေးတယ်။ ကိုယ့်ဆီက ရွှေမိုက်ထုတ်တဲ့ ပုဂ္ဂိုလ်က ရွှေမဟုတ်ဘူးလို့ ပြောခဲ့တာကို မပြောမိစေဖို့ဘဲ။ ပြောမိရင် အထင်သေးသွားမှာ စိုးမိလို့လေ။ သူတို့အဖွဲ့ခေါင်းဆောင်က ရှင်းပြပါတယ်။

ဘစ္စမတ်ဆိုတဲ့ သတ္တုစပ်တစ်မျိုးပါနေတော့ အပေါ်ယံ အရောင်ပြောင်းနေတာတဲ့။ ရွှေလို့မထင်ရအောင် ကာကွယ်တဲ့သဘောနဲ့ ရှေးကပညာရှင်များ လုပ်ခဲ့တာတဲ့။ အတော်ချီးကျူးဖို့ကောင်းတယ်တဲ့။ သူတို့ဆီမှာတောင် အဲ့ဒီလို လုပ်ထားတာ တစ်ခါမှ မတွေ့ဖူးသေးဘူးတဲ့။ ကြားရတာ အရသာရှိလိုက်တာ။ တို့ဘိုးဘေးတွေရဲ့ ပညာအတွက် ဂုဏ်ယူလိုက်တာ။ အဲ့ဒီဘစ္စမတ်အကြောင်း သိချင်လို့ ရှာကြည့်လိုက်တော့ အလေးချိန်စီးတဲ့ သတ္တုအမျိုးအစားဖြစ်ပေမယ့် အဆိပ်အတောက် ဖြစ်စေမှုနည်းတယ်တဲ့။ သတ္တုအများစုဟာ အပူပေးရင် ကျုံ့သွားတတ်ပေမယ့် သူကတော့ အပူပေးရင် ပွသွားလေ့ရှိတယ်တဲ့။ အပူနဲ့လျှပ်စစ်စီးဝင်မှု အားနည်းစေတယ်တဲ့။ အရောင်တောက်ပမှု လွန်ကဲတဲ့ ခရစ္စတယ်ပုံစံမျိုး ဖြစ်တယ်တဲ့။ သဘောက အခြားသတ္တုတွေက Oxidation ဖြစ်ရင် အရောင်မှိန်သွားကြပေမယ့် ဘစ္စမတ်ကတော့ Oxidation ဖြစ်လည်း သဲသဲလွန်လွန် အရောင် ထွက်ပါတယ်တဲ့။ အဲ့ဒီ ဘစ္စမတ်ကို ခဲတို့၊ ကြေးတို့နဲ့ အတူရောပြီး တွေ့ရပေမယ့် ခဲတို့၊ မာကျူရီတို့ထက် အန္တရာယ် နည်းပါးတယ်တဲ့။ ဒါကြောင့်လည်း အဲ့ဒီဆင်းတုတော်က အခြားသော ဆင်းတုတော်များထက် လွန်လွန်ကဲကဲ အရောင်ပြောင်နေတာလို့ သုံးသပ်ရပါတယ်။ ဒီတော့မှ ဘုရားဘဏ္ဍာထိန်း ဂေါပကလူကြီးတွေကိုခေါ်ပြီးတော့ သတိပေးရတယ်။ အခု ဌာပနာဘုရားတွေ သိမ်းထားတဲ့ အခန်းဟာ လုံခြုံမှုနည်းသွားပြီ။ ဒီအကြောင်းသိတဲ့ မသမာသူတွေအတွက် လောဘနဲ့ခိုးယူဖို့ သိပ်ပြီး အခက်အခဲ မရှိတော့ဘူး။ ဖြစ်နိုင်ရင် ဘဏ်မှာသွားပြီး အပ်ထားစေချင်တယ်ပေါ့။ ဖြစ်လာမှ ပူဆွေးမှုထက် ကြိုတင်ကာကွယ်မှုက ထိရောက်တယ် ဘာညာပေါ့လေ။ သူတို့လည်း ဝမ်းသာသလို စာရေးသူလည်း ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ထိုင်းပညာရှင် အဖွဲ့သာမလာဖြစ်ခဲ့ရင် အဲ့ဒီဆင်းတုကို ရှေးဟောင်းပစ္စည်းမို့ တန်ဖိုးထားတာမှန်ပေမယ့် အဖိုးတန် ရွှေနဲ့ဖန်တီးထားတာလို့ သိလိုက်ရတော့ ပိုပြီး ဝမ်းသာမိတယ်။ နောက်ပြီး အဲ့ဒီရွှေဆင်းတုတော်ကို သေချာလေ့လာကြည့်မိပြန်တော့ အခြားသော ငွေပြားခတ် အတွင်းချိတ်မြေခံ ဆင်းတုတော်များ ပြုလုပ်ထားတဲ့ နည်းပညာနဲ့ ကွဲလွဲနေတာကို တအံ့တသြ ဖြစ်စေပြန်တယ်။ ရွှေဆင်းတုတော်ဟာ ဘယ်လိုများ ဖန်တီးထားသလဲဆို အခြားငွေဆင်းတုတော်များလို ဘေးနှစ်ဖက်မှာ ဆက်ရာဆက်ကြောင်း လုံးဝ မတွေ့ရပါဘူး။ အမရပူရမြို့ ရွှေဂူကြီးဘုရားဝင်းထဲက ရွှေဂူသာလိုဏ်စေတီရဲ့ တနင်္ဂနွေထောင့် ဌာပနာတိုက်ထဲက တွေ့ရတဲ့ ဘိုးတော်ဗဒုံမင်းခေတ် လက်ရာ ဆင်းတုတော်ဟာလည်း ငွေနဲ့ဖန်တီးထားတာဖြစ်ပေမယ့် ဆက်ရာမပါတာကို သတိထားမိတယ်။

အခု ရွှေဆင်းတုတော်ဟာ ဘုရားဝင်း တစ်ဝင်းထဲမှာ ရှိနေပြီး လက်ရာကလည်း တစ်ထပ်တည်းလို့ ပြောလို့ရတဲ့ လက်ရာမျိုး ဖြစ်နေပြန်ပါတယ်။ ဒါကြောင့် အမရပူရခေတ်ဦး ဘိုးတော်ဗဒုံမင်းလက်ထက် ဖန်တီးခဲ့တဲ့ ဆင်းတုတော်များဟာ အတွင်းချိတ်ခံချင်း တူကြသော်လည်း အမရပူရခေတ် နောက်ပိုင်း ကာလများဖြစ်တဲ့ ဘကြီးတော်၊ သာယာဝတီ၊ ပုဂံနဲ့ မင်းတုန်းမင်းလက်ထက် ပြုလုပ်ဌာပနာခဲ့ကြတဲ့ ချိတ်ခံ ရွှေငွေဆင်းတုတော်များထက် နည်းပညာချင်းတူခဲ့ရင်တောင်မှ လက်ရာနဲ့စေတနာကတော့ အလွန်ပဲ ကွာခြားနေတာကို လေ့လာတွေ့ရှိရပါတယ်။ အခုဆောင်းပါးမှာ အဓိကပြောချင်တဲ့ အချက်များကတော့ ရွှေလို့မထင်ရအောင် ကာကွယ်ထားတဲ့ နည်းပညာနဲ့ဖန်တီးထားတဲ့ ရွှေဆင်းတုတော်ရယ်၊ လက်ရာရယ်ကို အသေးစိတ် လေ့လာမိတော့ ရှေးဘိုးဘေးများရဲ့ အံ့မခန်းနည်းပညာနဲ့ စေတနာကို တွေ့လိုက်ရပါကြောင်း။

**ကျမ်းညွှန်း။** ။ လက်တွေ့ကွင်းဆင်း လေ့လာတွေ့ရှိချက်များ

**ရက္ခိတ(ရှေး/သု)**

## ပထမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**မကွေး ဇွန် ၁**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေအရာရှိကြီးများ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆွေးနွေးပွဲ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ ပါမောက္ခဦးလှအောင်ခန်းမ၌ ယမန်နေ့နံနက်ပိုင်းကကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများ၊ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် အောင်လံခရိုင်တို့မှ ခရိုင်ဥပဒေအရာရှိများနှင့် ဒုတိယခရိုင် ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများ၊ ဒုတိယမြို့နယ် ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအေးလွင်က ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်ဥပဒေအရာရှိများက အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၏ ပြောကြားချက်များကို ပြန်လည် ရှင်းလင်းတင်ပြခဲ့ကြသည်။



ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန၏ ဆောင်ရွက်မှုမှတ်တမ်း Video Clip ကို ပြသခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဥပဒေအရာရှိများ၏ မေးမြန်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဥပဒေချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

## မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့များသို့ အရေးပေါ်လူနာတင်ယာဉ်နှစ်စီး လွှဲပြောင်းပေးအပ်

**မန္တလေး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်သမန်ကန်ပတ်လမ်း၊ ပုထိုးတော်ကြီးဘုရားအနီး သကျသီဟကျောင်းတိုက်ကြီးအတွင်းရှိ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ မန္တလေးတိုင်းဒေသကြီးကော်မတီရုံးခန်း၌ မေ ၃၀ ရက် နံနက်ပိုင်းက အရေးပေါ်လူနာတင်ယာဉ်နှစ်စီး လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

လှူဒါန်းပွဲသို့ ပင့်သံဃာတော် ဆရာတော်ကြီးငါးပါး ကြွရောက်တော်မူကြပြီး တိုင်းကော်မတီနာယကများ၊ တိုင်းကော်မတီဥက္ကဋ္ဌ ဦးလှိုင်မင်းဦးနှင့် တိုင်းကော်မတီဝင်များ တိုင်းရုံးအဖွဲ့ဝင်များ၊ မြို့နယ်ရုံးအဖွဲ့ဝင်များ၊ အလှူရှင် နမ့်တောမြို့နေ အဖ ဦးစောဘဦး၊ အမိ ဒေါ်ဝင်းရွှေတို့အား အမှူးထား၍ (သား)ဦးဂေါ်ကြီး၊ ဦးဂေါ်လေး(စိန်ပန်းနော်ဇယ်လုပ်ငန်း)မိသားစုတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်မိသားစုက မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီးတိုင်းရုံး)အတွက် တန်ဖိုးငွေကျပ်သိန်း ၃၈၀ ရှိ VELL-HRE အရေးပေါ်လူနာတင်ယာဉ်တစ်စီးနှင့် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ ပုသိမ်ကြီးမြို့နယ် ထာဝရလူမှုကယ်ဆယ်ရေးအဖွဲ့အတွက် တန်ဖိုးငွေကျပ်သိန်း ၂၆၀ တန်ဖိုးရှိ ALPHARD အရေးပေါ်လူနာတင်ယာဉ်တစ်စီးတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းကော်မတီနာယက၊ တိုင်းဥက္ကဋ္ဌ၊ တိုင်းကော်မတီဝင်များက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ပင့်သံဃာတော် ဆရာတော်ကြီးငါးပါးထံမှ သီလခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ နာယူကြည်ညိုခြင်း၊ နဝကမ္မဝတ္ထုငွေနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် အနုမောဒနာရေစက်ချတရားနာယူကြည်ညိုကြပြီး အလှူရှင်မိသားစုက တက်ရောက်လာသူကြသူများအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၀၇၀)







## အရေးပေါ်အသက်ကယ်(ဆင့်ပွား) သင်တန်းဆင်းပွဲ ကျင်းပ

**မူဆယ် ဇွန် ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့တွင် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မူဆယ်ခရိုင်)၏ အရေးပေါ်အသက်ကယ်ဆင့်ပွားသင်တန်း (၂/၂၀၂၆) ဆင်းပွဲကို မူဆယ်မြို့၊ မြို့တော်ခန်းမတွင် မေ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မူဆယ်ခရိုင်)၏ သင်တန်းကာလအတွင်း ဆောင်ရွက်မှုများကို ဗီဒီယိုကလစ်ဖြင့် ပြသသည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်ပေးအပ်ပြီး ထူးချွန်သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။ထို့နောက် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မူဆယ်ခရိုင်)ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အရေးပေါ်အသက်ကယ်ဆယ်ရေး(ဆင့်ပွား)သင်တန်း (၂/၂၀၂၆) ငွေစာရင်းရှင်းတမ်းအား ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့ထုတ်

## ကောင်းမှုတစ်ခုနေ့စဉ်ပြုပါ

* နံနက်အိပ်ရာမှ နိုးထ
ကိုယ်၊ လက်၊ စိတ် သန့်ရှင်းကြ
ရတနာသုံးပါး သတိရ
ဦးထိပ်မှာ တင်ကြ ။

* ကံ၊ စိတ်၊ ဥတု၊ အာဟာရ
သင့်တင့်မျှတမှ
ကိုယ်ကျန်းမာခြင်းနဲ့ပြည့်ဝ
စိတ်လည်း ချမ်းသာကြ ။

* "ဆွမ်း" ကို ပေးလှူခြင်းက
ခွန်အားတွေရကြ
"ပန်း" ကို ပေးလှူခြင်းက
ပန်းလိုလန်းဆန်းမွှေးမြ ။

* "ရေ"ကို ပေးလှူခြင်းက
ရေလိုကြည်လင်အေးမြ
"ဆီမီး" ကို ပေးလှူခြင်းက
မျက်စိအလင်းရ ။

* "ဆေး" ကို ပေးလှူခြင်းက
ရောဂါဘယ ကင်းပ
"သင်္ကန်း" အဝတ်ပေးလှူခြင်းက
ရုပ်အဆင်းလှပ ။

* ဒါန၊ သီလ၊ ဘာဝနာ
ကျင့်ကြံပွားများပါ။
ကုသိုလ်ကောင်းမှု တစ်ခုခုရှာ
နေ့စဉ်ပြုကြပါ ။ ။

**မိုးထက်ကို(အမရပူရ)**





## (၂၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ ဝိနယဓမ္မရိပ်သာစိန်ပန်းမြိုင်ကျောင်းတွင် (၂၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည့်နေရာ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ဂဏ္ဍာသယကျောင်း ဆရာတော်က ရောင်ခြည်တော်ဖွင့်ဂါထာရွတ်ဖတ်ပူဇော်၍ မြင်းခြံကျောင်း ဆရာတော်က ပဋ္ဌာန်းအဋ္ဌကထာ ပဏာမဂါထာရွတ်ဖတ်ပူဇော်ခဲ့သည်။

ထို့နောက် ဧည့်ပရိသတ်များက ကမ္ဘာ့တဲကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပျော်ဘွယ်ကျောင်းဆရာတော်က နတ်ဖြဟ္မာများအား ပဋ္ဌာန်းတရားနာကြားရန် ပင့်ဖိတ်လျှောက်ထား၍ ရွှေညောင်ပင်ရပ်ဓမ္မပါလဝတ်ရွတ်အဖွဲ့က ပဋ္ဌာန်းဖိတ်ခေါ်ရှစ်လုံးဘွဲ့ကဗျာများ ရွတ်ဖတ်ပူဇော်ကြပြီး ပဓာနဘာဏကသံဃာတော်က ပဋ္ဌာန်းဒေသနာတရားတော်များ စတင်ရွတ်ဖတ်ပူဇော်ခဲ့သည်။

အဆိုပါ(၂၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၃၀ ရက်မှ ဇွန် ၃ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၅၃)**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး ဇွန် ၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် ကလေးဝမြို့နေ ဒေါ်ညိုညိုမြင့်(မွေးနေ့) အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းကို လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူသည်။

အလှူရှင်များအနေဖြင့် ရေ၊ လျှပ်စစ်မီးပဒေသာပင်၊ အဆောက်အအုံပြုပြင်ထိန်းသိမ်းရေး ပဒေသာပင်၊ အောက်ဆီဂျင်ဌာန ကျောက်ကပ်ဆေးသံဃာတစ်ပါးအတွက် တစ်ကြိမ်စာ ကျောက်ကပ်ဆေးခြင်း အလှူငွေကျပ် ငါးသောင်း၊ မျက်စိခွဲစိတ် သံဃာတော်တစ်ပါးအတွက် မျက်စိခွဲစိတ်ခြင်း တစ်ကြိမ်စာ ငွေကျပ် ကိုးသောင်း၊ ဆေးပဒေသာပင် အလှူ၊ ဆွမ်းပဒေသာပင်အလှူ ဂိလာနသံဃာတော်များအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းအလှူများကို ဆွမ်းကပ်လှူရန် နံနက်အရုဏ်ဆွမ်း(ဆန်ပြုတ်)ငွေကျပ် ငါးသောင်း၊ (သို့မဟုတ်) ထမင်းဆီဆမ်း+ကြက်ဥကြော်အတွက် ငွေကျပ် တစ်သိန်းခွဲဖြင့် ကပ်လှူနိုင်သည်။ အရုဏ်+နေ့ဆွမ်း+ဧည့် ၃၀ စာ အတွက် ငွေကျပ် ငါးသိန်းဖြင့် ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ) (ကဆ)**



## စကြာပန်းတောင်းစေတီတော်မြတ်ကြီးတွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ ဇွန် ၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်း မြို့ပြနှင့်ကျေးလက်ဒေသ သန့်ရှင်းသာယာလှပစေရေးအတွက် အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအနီးရှိ စကြာပန်းတောင်းစေတီတော်မြတ်ကြီးသို့ သွားရောက်၍ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရန် စေတီတော်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က စကြာပန်းတောင်းစေတီတော်မြတ်ကြီးသို့ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စေတီတော်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန် ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ရင်ပြင်တော် အောက်ခြေရှိ မြေယာရှုခင်းနှင့် ပန်းအလှပင်များ အလှပုံဖော်ခြင်း၊ ပန်းအလှပင် မရှိသေးသည့်နေရာတွင် ရောင်စုံစက္ကူပန်းအလှပင်များ မြေချစိုက်ပျိုးခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စကြာပန်းတောင်းစေတီတော်မြတ်ကြီးအား အစဉ်အမြဲ သန့်ရှင်းသာယာလှပစေရန် ရည်ရွယ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်ပြီး ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့မှလည်း ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) (၄၄၅)**



မြို့တော်စိမ်းလန်း

စိုပြည်သာယာ

လှပရေး

ဝိုင်းဝန်းပူးပေါင်း

ဆောင်ရွက်ပေး

## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဇွန် ၁**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊B.A)က ဟောကြားချီးမြှင့်သော ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ အလှူရှင် ဦးသန်းမြင့်+ ဒေါ်တင်တင်ဦး မိသားစုက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၂၀၊ လျှပ်စစ်မီးလင်းရေးအတွက် အလှူငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

PNT



## ကျောင်းသုံးစာရေးကိရိယာနှင့် သုတရသ စာအုပ်၊ စာစောင်များ လှူဒါန်း

**မန္တလေး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဝွေးပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ မေ ၃၁ ရက် နံနက်ပိုင်းက ကဗျာဆရာ၊ သရုပ်ဆောင် မောင်မောင်(ပုသိမ်ကြီး)၏ မွေးနေ့အကြိုအလှူအဖြစ် ကျောင်းသုံးစာရေးကိရိယာများ၊ မန္တလေးမြို့ခံကဗျာဆရာ၊ စာရေးဆရာများမှ ကျောင်းစာကြည့်တိုက်အတွက် သုတရသစာအုပ် စာစောင်များ လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားမှူးအဖြစ် ဆရာဟာမိုနီက ဆောင်ရွက်ပြီး စာရေးဆရာ၊ ဆရာမများ၊ ကဗျာဆရာ၊ ဆရာမများနှင့် တစ်ဦးချင်းစီမိတ် ဆက်ပေးသည်။ ထို့နောက် ဝွေးပင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကဗျာဆရာ၊ သရုပ်ဆောင် မောင်မောင်(ပုသိမ်ကြီး)က လှူဒါန်းရခြင်း ရည်ရွယ်ချက်နှင့် ပီတိစကားကို ပြောကြားခဲ့သည်။

ဆက်လက်၍ စာရေးဆရာများဖြစ်ကြသော ဆရာမောင်မင်းမူ(ပံသုကူ)၊ ဆရာဝေမင်းသန့်(မန်ကျည်းဗုမ်)၊ ဆရာ ဟာမိုနီ၊ ဆရာထွဏ်းသစ်လူ(မန္တလာ)နှင့် ဆရာမ စောဥမ္မာမြင့်(ပြူ)တို့က စာဖတ်ခြင်းကြောင့် ရရှိမည့် ကောင်းကျိုးများ၊ ကလေးတို့ရည်မှန်းချက်ပန်းတိုင်အသီးသီး ထားရှိပုံ၊ ထားရှိနည်းများကို ပြောကြားကြသည်။

ထို့နောက် မွေးနေ့ရှင်က ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၃၀၊ ဘောပင်၊ ခဲတံ၊ ခဲဖျက်များ၊ ပုသိမ်ကြီးမြို့မစာကြည့်တိုက်ဥက္ကဋ္ဌဦးလှရွှေက ဗလာစာအုပ် တစ်ဒါဇင်၊ စာရေးဆရာ လမ်းအောင်က ဗလာစာအုပ်တစ်ဒါဇင်နှင့် ခဲတံ ငါးဒါဇင်၊ စာချစ်သူမောင်နံ့ ဆရာ ဝေမင်းသန့်(မန်းကျည်းဗုမ်)၊ ဆရာမ စောဥမ္မာမြင့်(ပြူ)မိသားစုက ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံ ၂၅ အုပ်၊ ကမ္ဘာစန်းမုန့်တိုက်(ပုသိမ်ကြီးမြို့နယ်)က မုန့်များ ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီးကိုယ်စား ဆရာမ ဒေါ်ချိုသဲက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ တက်ရောက်လာသူများအား ကဗျာဆရာမ အေးချမ်းသူ မိသားစုက နံနက်စာ ထမင်း၊ လက်ဖက်ရည်၊ မုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရ သည်။

**(အောက်ပုံ)**

**(၀၇၀)**

၀-၀-၀-၀-၀-၀-၀



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၄)၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဒေါ်ခင်မာသိန်း(ဘ)ဦးဘသိန်း(၉/မရတ(နိုင်)၀၉၃၅၈၁)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေမျိုးဇော် တရားလွှတ်တော်ရှေ့နေ(စဥ်–၉၇၅၅)**

| ဦးမင်းသူ | ဦးဟုန်ကျိန်ပိ | ဒေါ်မီမီထွန်း |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၈၆) | အထက်တန်းရှေ့နေ(စဉ်-၅၄၅၇၆) | အထက်တန်းရှေ့နေ(စဉ်-၅၅၆၅၆) |

**အမှတ်(န–၃/ ၂၈)၊ ၆၂(A)လမ်း၊ လမ်း၄၀နှင့် ၄၁လမ်းကြား၊ မဟာမြိုင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉–၄၄၁၀၁၈၄၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(ခ) ရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(ခ/၂၂)၊ အကျယ်(ပေ ၃၀ × ပေ ၄၀) အကျယ်အဝန်းရှိ ဒုရဲအုပ် မောင်မောင်ဌေး အမည်ပေါက် စလစ်မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ် အဆောက်အအုံ၊ ရေတိုင်၊ လျှပ်စစ်မီတာ ပါဝင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သော ဦးစည်သူ(ဘ)ဦးခင်မောင်အေး(၉/အမဇ(နိုင်)၀၂၄၁၇၂)၊ ဒေါ်ဝေယာလွင်(ဘ)ဦးမြင့်လွင်(၉/ခမစ(နိုင်)၀၃၈၇၂၃)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမြင့်သူ(LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ➤ ၀၉–၄၃၀၁၁၁၆၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ (တတ–၁၉)၊ ၅၇–အေလမ်း၊ ၁၂၃လမ်းနှင့် ၁၂၄လမ်းကြားရှိ အိမ်အမှတ်(၅၃)၊ ဧရိယာ(၂၂ ပေ × ၄၅ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့မှာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဌေးဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေးတို့ လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိသော မြေကွက်နှင့် အဆောက်အအုံဖြစ်ပါသည်။ ယခုအခါ ဒေါ်မြင့်မြင့်အေးမှ ဦးဌေးဝင်း၏ သဘောဆန္ဒခွင့်ပြုချက်မပါဘဲ အဆိုပါမြေကွက်နှင့် အဆောက်အအုံကို ရောင်းချရန် စီစဉ်ဆောင်ရွက်နေကြောင်း ပြောပြချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် အဆောက်အအုံကို ကျွန်ုပ်မိတ်ဆွေ ဦးဌေးဝင်း၏သဘောတူ ခွင့်ပြုချက်မရှိဘဲ အခြားတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းနှင့် အမည်ပြောင်းခြင်း စသည်တို့ကို မပြုလုပ်ရန်၊ ထိုသို့ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်းနှင့် အဆိုပါမြေကွက်နှင့် အဆောက်အအုံတို့အား ရောင်းချခြင်းကို ကျွန်ုပ်မိတ်ဆွေ ဦးဌေးဝင်းက ကန့်ကွက်ပါကြောင်း၊ ဒေါ်မြင့်မြင့်အေးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
|---|---|
| **ဦးဌေးဝင်း(ဘ)ဦးမြသောင်း** | **ဒေါ်သင်းသင်းအောင်**(LL.B) |
| **(၉/မသန(နိုင်)၀၂၆၀၄၇)** | (D.B.L), (D.I.L), (D.P.S), (D.A.Psy) |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **အကွက်(၂၉)၊ အမရဌာနီအရှေ့ရပ်၊ အောင်မြေသာစံမြို့နယ်၊** |
| | **မန္တလေးမြို့။ ဖုန်း ➤ ၀၉–၄၄၁၀၁၀၅၁၃** |

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၈)၊ ဦးပိုင်အမှတ်(၁၁)၊ ၃၉လမ်း၊ ၅၅လမ်းနှင့် ၅၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးသူရလွင်အောင်၊ ဒေါ်လုချိုက်လီတို့ (၂)ဦးအနက် ဦးသူရလွင်အောင်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၀၂/၂၀၂၆)ဖြင့် လက်ခံခဲ့သူ ဒေါ်လုချိုက်လီ(၁၃/မဆတ(နိုင်)၀၄၇၇၅၅)က အမှုတွဲအမှတ်(၀၂၉၂/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၈)၊ ဦးပိုင်အမှတ်(၂)၊ ၃၉လမ်း၊ ၅၅လမ်းနှင့် ၅၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးသူရလွင်အောင်၊ ဒေါ်လုချိုက်လီတို့ (၂)ဦးအနက် ဦးသူရလွင်အောင်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၀၃/၂၀၂၆)ဖြင့် လက်ခံခဲ့သူ ဒေါ်လုချိုက်လီ(၁၃/မဆတ(နိုင်)၀၄၇၇၅၅)က အမှုတွဲအမှတ်(၀၂၉၁/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ–၄၂)၊ ဦးပိုင်အမှတ်(၅–က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးစံတိုး(ဘ)ဦးအောင်ကျော်(၉/ညဥန(နိုင်)၀၈၃၂၆၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁–အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၈၇)၊ ၁၆လမ်း၊ ၉၀(ဘီ)လမ်းနေ ဦးဧယျာမြင့်(ခ)ဧကြီး(ဘ)ဦးခင်မောင်မြင့်(၉/အမဇ(နိုင်)၀၃၅၂၁၁)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးဧယျာမြင့်(ခ)ဧကြီးမှာ လက်ရှိအချိန်အထိ လူမှုရေး၊ စီးပွားရေး၊ မိသားစုကိစ္စများတွင် နာမည်ပျက်တစ်စုံတစ်ရာမရှိဘဲ ကောင်းသတင်းဖြင့် လက်ရှိစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။

ထိုသို့ ကောင်းသတင်းများဖြင့် ရပ်တည်နေသည့်အပေါ် Facebook, Messenger, Viber, Telegram, WhatApp, WeChat, Instagram, LinkedIn, Twitter, Tiktok, YouTube စသည့် ဆိုရှယ်မီဒီယာ(Social Media)များ၊ လူမှုကွန်ရက်စာမျက်နှာများ၊ အင်တာနက်စာမျက်နှာများတွင် ဦးဧယျာမြင့်(ခ)ဧကြီး၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်များဖြင့် အထင်အမြင်မှားစေသည့် မြန်မာလို(သို့မဟုတ်)အင်္ဂလိပ်လို အရှည်ကောက်ဖြစ်စေ၊ အတိုကောက်ဖြစ်စေ၊ ဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများဖြင့်ဖြစ်စေ၊ အမည်များမှည့်၍ Page များထောင်ခြင်း၊ အကောင့်များဖွင့်ခြင်း၊ Group များထောင်ခြင်း၊ Post များတင်ခြင်း၊ ဦးဧယျာမြင့်(ခ)ဧကြီး ထိခိုက်နစ်နာစေရန်၊ အသရေပျက်စေရန် ရေးသားပြောဆိုခြင်းများ၊ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် မဟုတ်မမှန်သည့် သတင်းအချက်အလက်များ၊ အကြောင်းအရင်း တစ်စုံတစ်ရာကို မှန်ကန်မှု ရှိ၊ မရှိ တိတိကျကျ သိရှိခြင်းမရှိဘဲ ဝေဖန်ရေးသားပြောဆိုခြင်း၊ စွပ်စွဲပြောဆိုခြင်း၊ မှတ်ချက်ပြုခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ဆင့်ပြန့်ပွားစေခြင်း၊ လှုံ့ဆော်ပေးခြင်းများ(လုံးဝ)မပြုလုပ်ကြပါရန်နှင့် ထိုသို့ ပြုလုပ်ဆောင်ရွက်သူ မည်သူမဆို တွေ့-မြင်-ကြား-သိရပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ဆက်သွယ်ရေးဥပဒေအရဖြစ်စေ လိုအပ်သလို ထိရောက်စွာ ဖော်ထုတ်အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| **ဦးသီဟအောင် (LL.B)** | **ဒေါ်မျိုးမမ (LL.B)** |
|---|---|
| **အထက်တန်းရှေ့နေ(စဉ်– ၂၉၆၁၂)** | **အထက်တန်းရှေ့နေ(စဉ်– ၂၈၀၁၅)** |

**အကွက်(၂၅၂)၊ ၂၉လမ်းနှင့် လမ်း၃၀ကြား၊ ၈၈(စီ)လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉–၂၅၉၁၂၀၀၄၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၀၀)၊ ဦးပိုင်အမှတ်(၆-င)၊ ဧရိယာ(၀ ဒသမ ၀၄၈၄)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်စန်းရီ အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုရောင်းချသူဖြစ်သည့် ဒေါ်ချစ်ပိုလျှံ(ဘ)ဦးအောင်မင်း(၉/ကပတ(နိုင်)၂၃၅၈၈၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးရဲမင်းထွန်း (LL.B, D.I.L) တရားလွှတ်တော်ရှေ့နေ**

**ရုံးခန်း–(ဃ– ၂၁)၊ ၃၉လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉–၂၅၉၀၂၂၉၀၈၊ ၀၉–၉၁၀၄၉၅၄၁၊ ၀၉–၉၆၂၀၄၉၅၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၁)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကြည်စိုး(DV-၀၀၇၈၀၇)အမည်ဖြင့် မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့မှ ချထားပေးသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဖြူပြာလှိုင်(ဘ)ဦးစံတင်(၉/ပမန(နိုင်)၂၁၁၁၀၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| **ဒေါ်အေးသီတာအောင်(LL.M)** | **ဒေါ်စာနည်အောင်(LL.B)** |
|---|---|
| **ဒေါ်သန်းသန်းဝင်း(LL.B)** | **ဒေါ်ထက်ထက်ဝင်း(LL.B)** |

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၁၀–ဃ)၊ မင်္ဂလာလမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉–၉၇၂၇၇၈၆၂၃၊ ၀၉–၇၉၈၆၉၉၅၄၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၂)၊ ဦးပိုင်အမှတ်(၁၁၆-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်မြို့ရီ(ဘ) ဦးသိန်းဖေ(၉/မရတ(နိုင်)၀၈၉၈၂၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နန်းရွှေစင်ငယ်(LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်တွယ်တာဝင်းနိုင်(LL.B)** — **အထက်တန်းရှေ့နေ**

**EASY အိမ်ခြံမြေနှင့် အကျိုးဆောင်လုပ်ငန်း**
**၃၃လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၇၃၈၀၁၉၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂)၊ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထံရကာ(၂)ထပ် အဆောက်အအုံ (ရေ+မီး)အစုံ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်အေးသီတာသွယ်(ဘ)ဦးကြည်ညွှန့်(၈/နမန(နိုင်)၀၀၀၁၇၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နန်းရွှေစင်ငယ်(LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်တွယ်တာဝင်းနိုင်(LL.B)** — **အထက်တန်းရှေ့နေ**

**EASY အိမ်ခြံမြေနှင့် အကျိုးဆောင်လုပ်ငန်း**
**၃၃လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၇၃၈၀၁၉၁**

## အကွက်အမှတ်(ထထ-၂၆)၊ ဦးပိုင်အမှတ်(၁၁၉)+(၁၂၀)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)+ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၆)၊ ဦးပိုင်အမှတ်(၁၁၉)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်အိအိနိုင်(ဘ)ဦးသိန်းလှိုင်(၇/နတလ(နိုင်)၁၆၅၅၉၅)အမည်ပေါက် ဂရန်မြေကွက်နှင့် ဦးပိုင်အမှတ်(၁၂၀)၊ ဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးထွန်းထွန်းဦး(ဘ)ဦးလှထွန်း(၈/ဆဖန(နိုင်) ၁၁၉၅၆၁)အမည်ပေါက် ဂရန်မြေကွက်များဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ထက်ဦး(ဘ)ဦးအောင်မြိုင်(၉/မဟမ(နိုင်)၀၀၃၀၂၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်များ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc , PGDL |

**အထက်တန်းရှေ့နေများ**
**၅၃လမ်း၊ ၁၁၀A လမ်းနှင့်၁၁၀Bလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အကွက်အမှတ်(ညည-၇၂)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၂ )၊ ဦးပိုင်အမှတ် (၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်အေးအေးစန်း(ဘ)ဦးကြည်(၁၄/ ဘကလ(နိုင်)၁၆၂၇၁၇)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းစင်(ဘ)ဦးရီချောင်(၁၃/မဆတ(ဧည့်)၀၀၀၀၃၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc , PGDL |

**အထက်တန်းရှေ့နေများ**
**၅၃လမ်း၊ ၁၁၀A လမ်းနှင့်၁၁၀Bလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၁)၊ ဦးပိုင်နံပါတ်(၆၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးထွန်းသင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း ပေ(၂၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးမင်းထွန်း(ဘ)ဦးညွှန့်ရင်(၉/မတရ(နိုင်)၁၁၄၇၂၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဦးဖြိုးသာခန့် (LL.B) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမို့မို့ထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၃)၊ ဦးပိုင်အမှတ်(၃၅-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိသော ဦးမြင့်ဆွေ(ခ)ကျော်လွင် အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဝင်းမြင့်ကြည်(ဘ) ဦးလှရွှေ(၉/မနတ(နိုင်)၀၂၆၂၅၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အမည်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀၊ ၆၄လမ်းနှင့်၆၅လမ်းကြားနေ ဒေါ်နှင်းယုလွင်(ဘ)ဦးဆွေဝင်း(၁၃/နခတ(နိုင်) ၀၇၆၇၁၉)မှ **'ရွှေမျက်လွှာ' မျက်ခုံး၊ မျက်တောင်ဆက်၊ ခြေသည်း၊ လက်သည်းနှင့် အလှပြုပြင်ရေး** အမည်ရှိ အမှတ်တံဆိပ်ကို မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၁၃၄၄/ ၂၀၂၃)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီး **မျက်ခုံး၊ မျက်တောင်ဆက်၊ ခြေသည်း၊ လက်သည်းနှင့် အလှပြုပြင်ရေး** ဆိုင်ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။




မှတ်ပုံတင်စာချုပ်အမှတ်
(၁၃၄၄/ ၂၀၂၃)

အထက်ပါ အမည်အမှတ်တံဆိပ် **'ရွှေမျက်လွှာ' မျက်ခုံး၊ မျက်တောင်ဆက်၊ ခြေသည်း၊ လက်သည်းနှင့် အလှပြုပြင်ရေး** အမည်အမှတ်အသားဖြင့် **မျက်ခုံး၊ မျက်တောင်ဆက်၊ ခြေသည်း၊ လက်သည်းနှင့် အလှအပဆိုင်ရာကုသမှု အမျိုးမျိုး၊ အလှကုန်၊ Skincare အမျိုးမျိုး**တို့ကို လမ်း၃၀၊ ၆၄လမ်းနှင့်၆၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တွင် ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါအမည်အမှတ်တံဆိပ်ကို ထည့်သွင်းအသုံးပြုသော ပလပ်စတစ်အိတ်၊ ပလပ်စတစ်ဘူး၊ စက္ကူပုတ်၊ စက္ကူဘူး၊ ပါဆယ်ထုတ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုတ်ပိုးပစ္စည်းများပေါ်တွင်လည်းကောင်း၊ ဆိုင်းဘုတ်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်၊ ရေဒီယို၊ အင်တာနက်၊ Facebook, Website, Internet, Telegram, Tiktok အစရှိသည့် လူမှုကွန်ယက်များ အစရှိသည်တို့အပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ဖိနှိပ်၍၊ ကပ်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ကြော်ငြာသွားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် **'ရွှေမျက်လွှာ' မျက်ခုံး၊ မျက်တောင်ဆက်၊ ခြေသည်း၊ လက်သည်းနှင့် အလှပြုပြင်ရေး**ဆိုင်ခွဲများလည်း ဖွင့်လှစ်၍ လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

သို့ပါ၍ အမည်အမှတ်တံဆိပ်အမည်အမှတ်အသားကို အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပသုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးသျှိုင်းလင်းထက် (LL.B)** — **ဒေါ်ကေစင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ညည-၇၈/ ၂၃၊ သင်ပန်းကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၉၆၈၀၀၀၀၁၅**

- နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပါဠိပထမပြန်စာမေးပွဲနှင့် အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်း ထုတ်ပြန်မည်

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၈(၂၀၂၆)ခုနှစ် ပါဠိပထမပြန်စာမေးပွဲအောင်စာရင်းကို ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော်(၅)ရက်(၂၀၂၆ ခုနှစ်၊ ဇွန်လ ၄ ရက်) ကြာသပတေးနေ့၊ နံနက် ၆ နာရီတွင်လည်းကောင်း၊ ၁၃၈၈(၂၀၂၆) ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲအောင်စာရင်းကို ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော်(၆)ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်) သောကြာနေ့၊ နံနက် ၆ နာရီတွင်လည်းကောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.Mahana.org.mm၊ သာသနာရေးဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်လေးထပ်လူနေအဆောက်အအုံ တစ်လုံးနှင့် သုံးထပ်လူနေအဆောက်အအုံ နှစ်လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၂၄ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ၌ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

နေပြည်တော် ဇွန် ၁

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်း၍ လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများအားအသုံးပြု၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်းမပြုနိုင်စေရေးတို့အတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်လူနေအဆောက်အအုံ တစ်လုံးနှင့် သုံးထပ်လူနေအဆောက်အအုံ နှစ်လုံးအား ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ

စာမျက်နှာ ၉ သို့ ✣

# လုံခြုံရေးတပ်ဖွဲ့ဝင်များက နွားထိုးကြီးမြို့နယ် နွားထိုးကြီး-ပြင်စည်ကားလမ်းဘေး၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် လက်လုပ်မိုင်း ခုနစ်လုံးအား ဖယ်ရှားရှင်းလင်းနိုင်ခဲ့




လုံခြုံရေးတပ်ဖွဲ့ဝင်များက နွားထိုးကြီးမြို့နယ် နွားထိုးကြီး-ပြင်စည်ကားလမ်းဘေး၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် လက်လုပ်မိုင်း ခုနစ်လုံးအား ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည့် နေရာပြပုံ။

နေပြည်တော် ဇွန် ၁

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများတွင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိစေရန်၊ လမ်းပန်းဆက်သွယ်ရေး ထိခိုက်ပျက်ပြားစေပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးရန်ရည်ရွယ်၍ ဖောက်ခွဲရေးပစ္စည်းကိရိယာများ အသုံးပြုကာ မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

စာမျက်နှာ ၉ သို့ ✪




# ပရီးမီးယားလိဂ်ချန်ပီယံ အာဆင်နယ်အသင်း၏ အောင်ပွဲခံမှု အခမ်းအနားတွင် ပရိသတ် ၁ ဒသမ ၅ သန်းအထိ စံချိန်တင်ပါဝင်ဆင်နွှဲခဲ့

**လီဗာပူး ဇွန် ၁**

ပရီးမီးယားလိဂ်ချန်ပီယံ အာဆင်နယ်အသင်း၏ လန်ဒန်မြို့အတွင်း လှည့်လည်အောင်ပွဲခံမှု အခမ်းအနားတွင် ပရိသတ် ၁ ဒသမ ၅ သန်းအထိ စံချိန်တင် ပါဝင်ဆင်နွှဲခဲ့သည်။

ယခုအောင်ပွဲခံ အခမ်းအနားတွင် အာဆင်နယ်အသင်းက ပရိသတ် တစ်သန်းဝန်းကျင်သာ ပါဝင်ဆင်နွှဲလိမ့်မည်ဟု ခန့်မှန်းထားခဲ့သော်လည်း လက်တွေ့တွင် ပရိသတ်အရေအတွက် ၁ ဒသမ ၅သန်းအထိရှိခဲ့ပြီး ပရိသတ်အများဆုံး ပါဝင်ဆင်နွှဲသည့် လှည့်လည်အောင်ပွဲခံမှုအဖြစ်လည်း စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အာဆင်နယ်အသင်းသည် အသင်းသမိုင်းတစ်လျှောက် ၂၂ နှစ်ကြာ ဝေးကွာနေသည့် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ပြန်လည်ရယူနိုင်ခဲ့မှုကြောင့်လည်း ပရိသတ်များက ပါဝင်ဆင်နွှဲလာခဲ့ခြင်း ဖြစ်သည်။

(NGB)

၀-၀-၀-၀

# မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ဇလ**